# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၃၃၀) ၊ ၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် ၊ ၃၀–၁၀–၂၀၂၄ ၊ ဗုဒ္ဓဟူးနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှု လုပ်ငန်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် (၂၄-၁၀-၂၀၂၄) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၃၅/၂၀၂၄ ဖြင့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ) အရ ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ကြေညာပြီး ယင်းဝန်ဆောင်မှုနှင့်သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တားမြစ်မိန့်၊ စည်းမျဉ်းသတ်မှတ်မိန့်၊ ကြီးကြပ်မိန့်၊ ကာကွယ်မိန့်နှင့် လိုအပ်သလို ဆောင်ရွက်စေသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအား အပ်နှင်းခဲ့သဖြင့် ဝန်ကြီးဌာနက ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်သည့် အမိန့်ကို (၂၅-၁၀-၂၀၂၄)ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၀၃၈/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအမိန့်ကြော်ငြာစာအရ ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက (၂၅-၁၀-၂၀၂၄) ရက်နေ့တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် ၀၅၅/၂၀၂၄ နှင့်အညီ လုပ်ငန်းလိုင်စင်လျှောက်ထားရယူရန်နှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ နှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပုဂံယဉ်ကျေးမှုနယ်မြေသို့ ပြည်ပခရီးသွား ပိုမိုဝင်ရောက်မည်ဟု ခန့်မှန်းထား

**ရန်ကုန် အောက်တိုဘာ ၂၉**

လာမည့်ခရီးသွားရာသီတွင် ပုဂံယဉ်ကျေးမှုနယ်မြေသို့ ပြည်ပခရီးသွား ပိုမိုဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှ သိရသည်။

"ပုဂံကို ပြည်ပခရီးသွား ၁၀၀၀၀ နီးပါး ၂၀၂၃ ခုနှစ်မှာ စက်တင်ဘာလအထိ ဝင်ရောက်ခဲ့တယ်။ ၂၀၂၄ ခုနှစ် ကာလတူနှိုင်းယှဉ်ရင် ၁၀၀၀၀ ကျော်အထိ ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ သီတင်းကျွတ်ပွဲတော်ကာလမှာလည်း ပြည်တွင်း၊ ပြည်ပခရီးသွားတွေ လာရောက်မှုများခဲ့တယ်။ ဒါ့ကြောင့် လာမယ့်ခရီးသွားကာလမှာ ပုဂံယဉ်ကျေးမှုနယ်မြေကို ပြည်ပခရီးသွား ပိုမိုဝင်ရောက်မယ်လို့ ခန့်မှန်းထားပါတယ်။ ပုဂံဒေသဟာ ပြည်တွင်းခရီးသွားသာမက ပြည်ပခရီးသွားတွေ နှစ်ခြိုက်တဲ့ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ်ဒေသမို့ လာရောက်လည်ပတ်ဖို့ နွေးထွေးစွာ ဖိတ်ခေါ်ပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က ပြောသည်။



ပုဂံယဉ်ကျေးမှုနယ်မြေရှိ အလိုတော်ပြည့်ဘုရားတွင် သီတင်းကျွတ်ကာလ၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ကမ္ဘာတွင် ထင်ရှားသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝသော နေရာတစ်ခုဖြစ်သည့်အတွက် နှစ်စဉ် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်လျက်ရှိပြီး ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ရေးအတွက် ရှေးဟောင်းရေကန်များနှင့် ဘုရား၊ စေတီ၊ ပုထိုးများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

**ဝန်ဆောင်မှုပေး**

ခရီးသွားအေဂျင်စီများသည် ပုဂံခရီးစဉ်အတွက် ပြည်ပခရီးသွားများအား ဝန်ဆောင်မှုပေးရာတွင် ပုပ္ပားတောင်နှင့် ပုပ္ပားတောင်အမျိုးသားဥယျာဉ်တို့ကိုပါ တစ်ဆက်တည်းဝင်ရောက်လည်ပတ်သော ခရီးစဉ်ဒေသများအဖြစ် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် သီတင်းကျွတ်ကာလတွင် ပုဂံနှင့်ပုပ္ပားသို့ ခရီးသွားဝင်ရောက်မှုများပြားခဲ့ပြီး လာမည့်တန်ဆောင်တိုင်ပွဲတော်ကာလတွင်လည်း ခရီးသွားဝင်ရောက်မှုများပြားနိုင်သည့်အတွက် ဒေသရှိ ဟိုတယ်၊ တည်းခိုခန်း၊ ဒေသထွက်ကုန်၊ အစားအသောက်နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကို ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"သီတင်းကျွတ်ပွဲတော်ကာလ ပိတ်ရက်တွေမှာ ဟိုတယ်အခန်းအားလုံးပြည့်တဲ့အထိ ခရီးသွားတွေ များခဲ့ပါတယ်။ လာမယ့် တန်ဆောင်တိုင်ပွဲတော်ကာလ ပိတ်ရက်အတွက် အခန်းကြိုတင်စာရင်းပေးတာလည်း ပြည့်နေပါပြီ။ ကျွန်တော်တို့ဆီမှာ ပြည့်နေတဲ့အတွက် တခြားဟိုတယ်တွေကို လွှဲပြောင်းပေးရတာရှိပါတယ်။ ကျွန်တော်တို့ဒေသဟာ ခရီးသွားအကြိုက်ဒေသတစ်ခုဖြစ်တဲ့အတွက် ခရီးသွားအားလုံးကို ဝန်ဆောင်မှုကောင်းတွေနဲ့ စောင့်ကြိုနေပါတယ်"ဟု ပုဂံဟိုတယ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ညိမ်းသူ(သတင်းစဉ်) ဓာတ်ပုံ–ကနူး**

## တိမ်အနည်းငယ် ဖြစ်ထွန်းမည်

**နေပြည်တော် အောက်တိုဘာ ၂၉**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး နေ့စဉ်

# ပညာရှာဖွေသူသည် ပျင်းရိခြင်းကင်းရမည်

အလုပ်တစ်ခုကို အကြွေးမထားဘဲ ချက်ချင်းလုပ်ကိုင်တတ်သူ၊ ဆောင်ရွက်တတ်သူသည် ကြီးပွားတိုးတက်ရန် ခြေလှမ်းစတင်လှမ်းသူဖြစ်သည်။ အစပြုတတ်သော အလေ့ရှိမှသာ ကြီးပွားချမ်းသာရာ ရနိုင်မည်ဖြစ်သည်။ လူသားအများသူငါတို့ လိုလားသော ကြီးပွားခြင်းသည် တစ်ချက်တည်းဖြင့် ကြီးပွားနိုင်သည်မဟုတ်ပေ။ အဆင့်ဆင့်သော သင်ယူတတ်မြောက်စရာများကို သင်ကြားတတ်မြောက်ပြီးမှသာ ကြီးပွားခြင်းသို့ ရောက်မည်ဖြစ်သည်။

တစ်လှမ်းတည်း လှမ်းသဖြင့် အထွတ်အထိပ်သို့ မရောက်နိုင်ပါ။ မြင့်သောတောင်ထိပ်တို့မည်သည် တဖြည်းဖြည်း တက်ရမည်ဖြစ်သည်။ နိမ့်သောနေရာကိုသာ တစ်ချက်တည်းရောက်အောင် ခုန်ချနိုင်သော်လည်း တစ်ခါတစ်ရံ ကျိုးတတ်၊ ပဲ့တတ်ပါသေးသည်။ ယခုခေတ်သည် ရှေးကထက်ပင် အတတ်ပညာရပ်တွေ ပေါများလှပေသည်။ အသက်မွေးမှုတစ်ခု ပညာကိုယ်စီပါဟူသော စကားကဲ့သို့ မိမိနှင့်နီးစပ်သော အတတ်ပညာတစ်ခုခုကို လိုချင်လျှင် နိမ့်ချသော စိတ်နှင့်သည်းညည်းခံသော အရင်းပါချေက မည်သည့်ပညာရှင်ထံမဆို သွားရောက်ကာ တပည့်အဖြစ်ခံ သင်ယူနိုင်လေသည်။

မိမိဘဝအတွက် မိမိ၏လက်ရှိအချိန်သည်သာ အကောင်းဆုံးဖြစ်သည်။ ဝီရိယရှိသောသူနှင့် ရိုးသားဖြောင့်မတ်သူတို့အတွက် ပညာသင်ပေးချင်သည့် ဆရာများစွာရှိသည်။ "နှုတ်ချို သျှိုတစ်ပါး" ဟုဆိုထားပေရာ မိမိက ချိုချိုသာသာ မွန်မွန်ရည်ရည် ပြောဆိုမည်ဆိုလျှင် မကြိုက်မနှစ်သက်သူရှိမည် မဟုတ်ပါ။ မိမိပါးစပ်ကို မိမိလိမ္မာပါးနပ်စွာ အသုံးပြုတတ်ပါက လူချစ်လူခင်ပေါများပြီး အလုပ်ဆိုသည်မှာ ခက်ခဲမည်မဟုတ်ပါ။ မိမိအလုပ်ကို ကောင်းစွာကျွမ်းကျင်စေရမည်။ ကျွမ်းကျင်မှုရှိမှသာ သူများထက် သာလွန်မည်ဖြစ်သည်။ လုပ်ငန်းမကျွမ်းကျင်သမျှ သူများထက်ထူးအောင် မကြံဆောင်နိုင်ချေ။ မိမိ၏အလုပ်နှင့်ပတ်သက်၍ နည်းလမ်းရှိသမျှကို ကြံရမည်ဖြစ်သည်။

ထို့ပြင် "ပညာဆည်းပူး၊ ပန်းသို့ခူး" ဆိုသည့်ပမာ ပန်းကို ရှာဖွေဆွတ်ခူးသကဲ့သို့ ပညာကို ကြိုးပမ်းရှာဖွေဆည်းပူးရမည်သာဖြစ်သည်။ ပညာကို ကျွမ်းကျင်စွာ တတ်မြောက်သောသူသည် ပရိသတ်အလယ်တွင် ရဲရဲရင့်ရင့် ပြောဆိုဝံ့၍ တင့်တယ်သည်။ ပညာရှာဖွေသူသည် ပျင်းရိခြင်းကင်းရမည်။ ပျင်းနေလျှင် ပညာတတ်လိမ့်မည် မဟုတ်ပါ။ စာအုပ်ရှိသမျှကို ဖတ်ရမည်။ သတင်းရှိသမျှကို နားထောင်ရမည်။ မှတ်သားသင့်သည့် အချက်အလက်များကို ရေးမှတ်ထားရမည်။ အချက်ကောင်းရှိသမျှ မလွတ်စေရန် သတိထားရှိရမည်။ ရှေးလူကြီးများအဆက်ဆက်သည် နောင်လာနောက်သားများအတွက် ဦးဆောင်လမ်းပြ ဖြစ်ခဲ့ကြသည်။ အလုပ်ဖြင့်လည်း သက်သေပြခဲ့ကြသည်။ စာဖြင့်လည်းမှတ်တမ်းတင်ခဲ့ကြသည်။ မည်သည့်အလုပ်မှာမဆို ပထမတန်းဖြစ်ရဲ့ မကြံစည်နှင့်။ ပထမတန်းစားထက် နည်းနည်းကလေးပိုအောင် စိတ်ကိုထားရမည်။ အကြံကောင်းသောသူသည် အလုပ်ကောင်းသောသူ၏ အရင်ဖြစ်သည်ဟူသော စာမှတ်တမ်းသည် ရှေးလူကြီးများ၏ လက်ဆင့်ကမ်းအမွေဖြစ်သည်။

သို့ဖြစ်ရာ ပညာရှာဖွေသူသည် ပျင်းရိခြင်းကင်းရမည်ဖြစ်ပြီး ဝီရိယသည်လည်း ကြီးပွားခြင်း၏ ဆေးစွမ်းကောင်းများဖြစ်သည်။ လုံ့လ၊ ဝီရိယဟူသည် ကြိုးစားမှုပင်ဖြစ်ရာ ပါးစပ်ဖြင့် ပြောဆိုနေခြင်းထက် လက်တွေ့လုပ်ကိုင်ဆောင်ရွက်ခြင်းကသာ မိမိအတွက် ကောင်းကျိုးဖြစ်သည့် ကိစ္စရပ်များ ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# Online Sale လုပ်ငန်းများ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**မန္တလေး အောက်တိုဘာ ၂၉**

Online Sale လုပ်ငန်းများ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့၊ ၃၅လမ်း၊ ၆၅ လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးက Online Sale လုပ်ငန်းများ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ခေတ္တတိုင်းဒေသကြီးဦးစီးမှူး ဦးရဲလင်းထက်နှင့် တာဝန်ရှိသူများက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ Online စနစ်ဖြင့် ရောင်းချခြင်း Online Sale လုပ်ငန်းများ မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့်ပတ်သက်၍ သိကောင်းစရာများကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဥပဒေကို လေးစားလိုက်နာခြင်း Online မှတ်ပုံတင်လျှောက်ထားခြင်းတို့ ဆောင်ရွက်သင့်သည့် အကြောင်းနှင့်ပတ်သက်၍ သိကောင်းစရာများကိုလည်းကောင်း၊ စားသုံးသူများမှ Online မှတစ်ဆင့်ဝယ်ယူခဲ့ရာတွင် နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ တိုင်ကြားလာမှုများအပေါ် စုံစမ်းစစ်ဆေးခဲ့မှုအခြေအနေများကိုလည်းကောင်း၊ Online မှတ်ပုံတင်လျှောက်ထားရာတွင် စားသုံးသူရေးရာဦးစီးဌာနမှ မြေပြင်ကွင်းဆင်းစစ်ဆေးမည့် အခြေအနေများကိုလည်းကောင်း၊ တက်ရောက်လာကြသူများ၏ သိရှိလိုသော အကြောင်းအရာမေးမြန်းချက်များ၊ အလုပ်ရုံဆွေးနွေးပွဲတစ်ခုလုံးအပေါ် လွှမ်းခြုံ၍ အကြံပြုဆွေးနွေးခြင်းနှင့် ဆွေးနွေးပွဲရလဒ်များကိုလည်းကောင်း အသီးအသီး ရှင်းလင်းဆွေးနွေးကြသည်။

စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ စားသုံးသူကာကွယ်ရေးဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ Online စနစ်ဖြင့် ရောင်းချမည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းကို တရားဝင်မှတ်ပုံတင်ပြုလုပ်လာခြင်း၊ တရားဝင်မှတ်ပုံတင်ထားသည့် Online ရောင်းချသူများမှတစ်ဆင့် စားသုံးသူ နစ်နာဆုံးရှုံးမှုမရှိဘဲ ဝယ်ယူနိုင်ခြင်း၊ တရားမဝင် Online ပေါ်ရှိ စားသုံးသူများကို လိမ်လည်လှည့်ဖြားနေသည့် စီးပွားရေးလုပ်ငန်းရှင်အချို့အား ထိရောက်စွာ ကာကွယ်တားဆီးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေရန်အတွက် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာ (၈)ခုဖြင့် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ကော်မတီမှ စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ ကြီးကြပ်ကွပ်ကဲမှုဖြင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒေသတွင်း စားသုံးနစ်နာဆုံးရှုံးမှုများကို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ တိုင်ကြားမှုပေါင်း ၆၇၀ကျော် ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**

# အဲယားကွန်း ပြုပြင်၊တပ်ဆင်ခြင်းသင်တန်းဖွင့်လှစ်

**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကနောင်မင်းသားကြီးလမ်း၊ ၁၃၉လမ်းမကြီးပေါ် လမ်းအမှတ် ၄၇ နှင့် ၄၈ ကြားရှိ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး)တွင်



ယနေ့နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ၏ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သော အဲယားကွန်းပြုပြင်၊တပ်ဆင်ခြင်း သင်တန်းဖွင့်ပွဲ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး မန္တလေးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်မို့မို့သွင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။ **(အောက်ဝဲပုံ)**

ထို့နောက် အဲယားကွန်း ကျွမ်းကျင်ပညာရှင် ဆရာဦးဇော်မျိုးထက်အောင်က သင်ကြားသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား ၂၀ ဦးကို တစ်လတာ စာတွေ့၊ လက်တွေ့ လုပ်ငန်းခွင်ဝင်နိုင်သည်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးသီဟ(အမရ)**

**ယာဉ်မောင်းသူများ လိုက်နာရန်**

- မြို့တွင်း တစ်နာရီ ၄၈(ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ) လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

**မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း



ဒိုးပတ်အတီးပြိုင်ပွဲ ဝါသနာရှင်ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ ပြည့်ဖြိုးမော်(ခ) မော်ကြီးနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။




မဟာဂီတအဆိုပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ကောင်းပြည့်ဟိန်း "ပန်းတသင်းသင်း" (ပတ်ပျိုး)သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



မဟာဂီတအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မသော်တာရတီတိုး "မြိုင်ဟေမာ" (ယိုးဒယား)သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မမိုးမြင့်စံ "ချစ်စရာ ရွှေတမာ" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲအခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ပြည့်ဖြိုးအောင် "သန္တာဦးစ" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်မြင့်မြတ်သူ "ဝေဇယန္တာ" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



စန္ဒရားအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မခင်လင်းလဲ့သူ "အောင်မင်္ဂလာ" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

# ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၌ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ကျောင်းသား၊ ကျောင်းသူများ တွေ့ဆုံပွဲအခမ်းအနား ကျင်းပ



**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၌ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာတင်ထွန်းက ယနေ့နံနက်ပိုင်းတွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့်ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံပွဲ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားရာတွင် ဆေးဘက်ဆိုင်ရာနည်းပညာရှင်များသည် ကျန်းမာရေးစောင့်ရှောက်မှု ပေးရသူများဖြစ်ကြောင်း၊ Professional ပီသစွာ မိမိရဲ့ ဘာသာရပ်နယ်ပယ်မှာ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ရန် လိုအပ်ကြောင်း၊ Health Care လုပ်ရမည်ဖြစ်၍ မိမိအပြောအဆို၊ အနေအထိုင်၊ အပြုအမူပိုင်းဆိုင်ရာတွင် အထူးဂရုပြုရမည်ဖြစ်ကြောင်း၊ ဤတက္ကသိုလ်ကြီး အဆင်ပြေစွာ လည်ပတ်နိုင်အောင် ကြိုးစားပေးနေကြသော ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအားလုံး ထူးချွန်ကျွမ်းကျင်သော ဆေးဘက်ဆိုင်ရာ နည်းပညာရှင်များ ဖြစ်ပေါ်လာရေးအတွက် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားပြီး ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကားပြောကြားပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါအခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခဒေါက်တာတင်ထွန်း၊ ဆေးတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမျိုးသက်တင်၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်ဝင်းစိန်၊ (တွဲဖက်) ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလင်းထက်မြင့်နှင့် ဌာနမှူးများ၊ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၀၀ ဦးကျော် တက်ရောက်ကြကြောင်း သိရသည်။

**(အပေါ်ဓါတ်ပုံ) အောင်စော်မင်း**



# သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား နှစ်စဉ် ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်း

**မြစ်သား အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့တွင် မြို့၏ကျက်သရေဆောင် သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား မြစ်သားမြို့ ကမ္ဘောဇဘဏ်ခွဲမိသားစုက နှစ်စဉ် ငွေကျပ်သိန်း ၁၀၀ လှူဒါန်းမှုကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ရွှေမုဋ္ဌောဘုရားရင်ပြင်၌ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးဂေါပကအဖွဲ့သို့ လာရောက်လှူဒါန်းခဲ့သည်။

မြစ်သားမြို့ ကမ္ဘောဇဘဏ်ခွဲမိသားစုက သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား နှစ်စဉ် အမြဲလှူဒါန်းမှုမှာ ယခုနှစ်အပါအဝင် (၆)ကြိမ်မြောက် လှူဒါန်းမှုဖြစ်ကြောင်း၊ ယခုကဲ့သို့လှူဒါန်းသည့်အတွက် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ကလည်း ရွှေမုဋ္ဌောစေတီတော် သမိုင်းမော်ကွန်းတွင် မှတ်တမ်းတင်ပြီး ထုတိမင်္ဂလာ အနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း ရွှေမုဋ္ဌောဂေါပကဥက္ကဋ္ဌ ဦးကံညွန့်ထံမှ သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ အလှူငွေပေးအပ်လှူဒါန်းရာသို့ မြစ်သားမြို့ ကမ္ဘောဇဘဏ်ခွဲမှ ဘဏ်မန်နေဂျာ ဦးကျော်ဖုန်းမြတ်နှင့် ဝန်ထမ်းများ၊ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး ဂေါပကဥက္ကဋ္ဌ ဦးကံညွန့်နှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၄၈၅)**

# နတ်မောက်မြို့၌ လူငယ်နှင့်ကျန်းမာရေးအသိပညာပေး Talk Show ဆောင်ရွက်

**နတ်မောက် အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၌ လူငယ်နှင့် ကျန်းမာရေးအသိပညာပေး(Talk Show) အစီအစဉ်ကို ယမန်နေ့က လူထုအခြေပြုဗဟိုဌာန ( Community Centre) ဘက်စုံသုံးခန်းမတွင် ကျင်းပသည်။

အဆိုပါ အသိပညာပေး ( Talk Show) တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်ဥမ္မာခင် (ဦးစီးအရာရှိ)နှင့် ဒေါ်သင်းသင်းဝေ(ဒုတိယဦးစီးမှူး)တို့က ဆွေးနွေးရာတွင် လူငယ်များအတွက် ဘာကြောင့်ကျန်းမာရေးဟာ အရေးကြီးသလဲ၊ ကျန်းမာရေးအမူအကျင့် ကောင်းမွန်ဖို့အတွက် ဘယ်လိုလိုက်နာဆောင်ရွက်သင့်သလဲ၊ ကျန်းမာရေးအတွက် အာဟာရရှိအောင် ဘယ်လိုစားသောက်သင့်ပါသလဲ၊ ကိုယ်ခန္ဓာကျန်းမာစေဖို့ စနစ်တကျ ကိုယ်လက်လှုပ်ရှားပါ၊ လေ့ကျင့်ရင် ကျန်းမာသန်စွမ်းမှုလည်းဖြစ်စေသလို အလှလည်းတိုးစေပါတယ်၊ နေ့စဉ် မှန်မှန် ရေးချိုးပါ၊ ကျန်းမာရေးကောင်းမွန်မှ အတတ်ပညာ၊ အသိပညာများဖွံ့ဖြိုးတိုးတက်စေရန် လေ့လာသင်ယူနိုင်မည်ဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့် အမှားနှင့် မအောင်မြင်မှုများမှ သင်ခန်းစာယူရမှာဖြစ်ပါကြောင်း၊ မိတ်ဆွေကောင်းများရလာအောင် ပြုမူဆက်ဆံပေါင်းသင်းရမှာဖြစ်ပါကြောင်း၊ မိမိ၏ ကိုယ်စိတ်ကျန်းမာရေးအတွက် မိမိ၏စစ်မှန်သော သဘောထားနှင့် အသင့်အတင့် နှလုံးသွင်းတတ်မှုတို့အပေါ်တွင် မူတည်သောကြောင့် မိမိဘာသာ ကြိုးစား၍ ပြုစုပျိုးထောင်ရမှာဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။ **(အောက်ပုံ)**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နတ်မောက်မြို့နယ်ရုံးအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတများရရှိစေရန် Onlineမှတစ်ဆင့် အသိပညာပေးအစီအစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မူမူစန်း(မြို့နယ်ပြန်/ဆက်)**




# ပေါ်ဦးပေါ်ဖျား Hass ထောပတ်သီးအမျိုးအစားများ ပြည်တွင်းဈေးကွက်တွင် ရောင်းချ

လက်ရှိတွင် ပေါ်ဦးပေါ်ဖျား Hass ထောပတ်သီးအမျိုးအစားများ ပြည်တွင်းဈေးကွက်တွင် စတင်ရောင်းချနေပြီဖြစ်ပြီး အခြားဒေသမျိုး ထောပတ်သီးလက်ကျန်များလည်း ရောင်းချလျက်ရှိကြောင်း မြန်မာနိုင်ငံထောပတ်သီးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုအောက်တိုဘာလလယ်လောက်မှစ၍ Hass ထောပတ်သီးများကို ပြည်တွင်းဈေးကွက်သို့ လက်လီစနစ်သာမက အွန်လိုင်းစနစ်ဖြင့်လည်း ရောင်းချလျက်ရှိသည်ဟု ဆိုသည်။

“သိပ်မကြာခင်မှာ Hass တွေ လှိုင်လှိုင်ထွက်တော့မယ်။ တချို့လည်း Hass တွေဈေးကွက်ထဲပို့နေတယ်။ ဈေးကွက်ထဲရောက်လာတဲ့ Hass ထောပတ်သီးတွေက အရွယ်သေးတော့ Baby Hass လို့ ခေါ်ကြတယ်။ အခြားနိုင်ငံခြားမျိုး ထောပတ်သီးမျိုးတွေနဲ့ ဒေသမျိုးတွေလည်းရှိတယ်။ အရွယ်ကြီးတယ်ဆိုရင် မြန်မာတွေ အကြိုက်ပေါ့”ဟု ၎င်းက ပြောသည်။

ယခုထွက်ရှိလာသော Hass ထောပတ်သီးများ၏ ၆၀ ရာခိုင်နှုန်းသည် အရွယ်အစားသေးငယ်၍ စံချိန်မမီသော အသီးများဖြစ်ပြီး ဈေးကွက်တွင် Baby Hassဟုခေါ်ကြကာ ခြံဖြတ်ဈေး တစ်ကီလိုလျှင် ငွေကျပ် ၁၅၀၀ ဝန်းကျင်ဖြစ်၍ လက်လီဈေးကွက်တွင် ငွေကျပ် ၁၈၀၀-၂၀၀၀ ဝန်းကျင် ရောင်းချလျက်ရှိကြောင်း သိရသည်။

“တခြား ထောပတ်မျိုးတွေဖြစ်တဲ့ ဗီယက်နမ်မျိုး ၀၃၄ ထောပတ်သီးက စိုက်ကနည်းတဲ့အတွက် ဈေးကွက်မှာ ကျယ်ကျယ်ပြန့်ပြန့် မရောက်ဘူး။ Good 7 မျိုးနဲ့ ဘာဂေးနီးယားမျိုးတွေကတော့ ဈေးကွက်မှာ အတော်များများရှိတယ်။ ပြည်ပတင်ပို့ဖို့ကတော့ သိပ်ပြီးလုပ်လုပ်ခတ်ခတ် မဖြစ်သေးဘူး”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အခြားထောပတ်သီးမျိုးများဖြစ်သည့်Good-7နှင့် ဘာဂေးနီးယားထောပတ်သီးများမှာ အရွယ်ကြီးများသဖြင့် မြန်မာ့ဈေးကွက်တွင် အကြိုက်တွေ့သူများပြီး ခြံဖြတ်ဈေးမှာ တစ်ကီလို ငွေကျပ် ၄၀၀၀ ဖြစ်၍ လက်လီဈေးကွက်တွင် ငွေကျပ် ၅၅၀၀-၆၀၀၀ ဖြစ်ကြောင်း သိရသည်။

“ဒီနှစ်က နွေမှာ ပူပြင်းပြီး မိုးကာလမှာ မိုးများလွန်းခဲ့လို့ အသီးတွေ အရည်အသွေးကျဆင်းတယ်။ ခုဆိုရင် ထောပတ်သီးကို အေးခဲအနှစ်တွေလုပ်ပြီး ပြည်ပကို တင်ပို့သွားဖို့ လုပ်နေပြီ။ ဒါက ထောပတ်သီးစိုက်သူတွေအတွက် အခွင့်အလမ်းသစ်လို့ ပြောရမယ်။မလေးရှားကို နမူနာပို့ခဲ့ရာမှာ တင်ပို့ဖို့ ၉၀ ရာခိုင်နှုန်းလောက် ဆောင်ရွက်ပြီးသွားပြီ။ ဈေးနှုန်းညှိနှိုင်းဖို့ပဲ ကျန်တော့တယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။



ထောပတ်သီးကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်နှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးကြပြီး တိုင်းဒေသကြီး (၆)ခုမှ ၂၀၁၉ ခုနှစ် မတိုင်မီစာရင်းများအရ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧက ၂၀၀၀၀ ဝန်းကျင် စိုက်ပျိုးကြပြီး ထောပတ်သီးမျိုးစုံ တန်ချိန် ၈၀၀၀ ဝန်းကျင်ထွက်ရှိကြောင်း သိရသည်။ **(ဓါတ်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**

# ဆင်မြို့တော် ဝတ္ထုတိုပြိုင်ပွဲ ကျင်းပကာ ဆုများချီးမြှင့်သွားမည်



**ကျောက်ဆည် အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်းမှ အကြိမ်(၈၀)မြောက် မြန်မာနိုင်ငံစာဆိုတော်နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာစာပေ(ဝတ္ထုတို)တိုးတက်ပြန့်ပွားရေး၊ ကျောက်ဆည်မြို့(ဆင်မြို့တော်)၏ စာပေချစ်မြတ်နိုးမှုများ ရှင်သန်ခိုင်မာရေး (ပထမအကြိမ်) ဆင်မြို့တော် ဝတ္ထုတိုပြိုင်ပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုများရွေးချယ်ကာ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် စာပေချစ်မြတ်နိုးသူများအနေဖြင့် ပြိုင်ပွဲဝင်စာပေများရေးသားရာတွင် ဘဝသရုပ်ဖော်နှင့် ရသများ ပါဝင်စေရန်၊ အေဖိုး စာမျက်နှာ (၃)မျက်နှာမှ (၅)မျက်နှာအတွင်း ရေးသားရန်၊ စာမူများအား စာလုံးအရွယ်အစား (၁၆)ဖြင့် ကွန်ပျူတာစာစီပြီး ပြိုင်ပွဲဝင်ရန်၊ မိမိနှစ်သက်သော ခေါင်းစဉ်ဖြင့် ရေးသားနိုင်ပြီး ကိုယ်တိုင်ရေး စာမူဖြစ်ကြောင်း ဝန်ခံကတိပါရှိရန်၊ မဂ္ဂဇင်း၊ စာစောင်များနှင့် အခြား online media စာမျက်နှာများ၊ အခြားပြိုင်ပွဲများတွင် ရွေးချယ်ဖော်ပြခံထားရသော စာမူများမဖြစ်ရန်၊ ကလောင်အမည်၊ အမည်အရင်း၊ မှတ်ပုံတင်အမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာအပြည့်အစုံ၊ Email ရှိပါက Email လိပ်စာ ဖော်ပြခြင်း၊ ပြိုင်ပွဲနှင့်ပတ်သက်၍ စိစစ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်စာမူများကို ဦးအောင်ကိုကိုဇော် ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ(ကာတွန်းဖောင်းဖောင်း)၊ Kid for Art ပန်းချီသင်တန်း အိမ်အမှတ်-၁၃၅၊ ကြက်မင်းတွန်ရပ်ကွက်၊ ကျောက်ဆည်မြို့၊ cartoonphoungphoung 2018@gmail.com လိပ်စာများသို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ လက်ခံသွားမည်ဖြစ်ပြီး နောက်ကျ၍ ရောက်ရှိလာသော စာမူများကို လက်ခံသွားမည်မဟုတ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်စာမူများကို ဆင်မြို့တော်စာပေဆုရွေးချယ်ရေးအဖွဲ့ဝင်များဖြစ်သည့် မွန်းဖူး၊ ကေ(တောင်တန်းပြာ)၊ ရွှေဝင်းညွန့်(ကျောက်ဆည်)၊ သောင်းဝင်း(မြင်းခြံ) စာရေးဆရာတို့မှ စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ပထမရရှိသောစာမူအား ဆုငွေကျပ် ၃ သိန်း၊ ဒုတိယဆုအား ဆုငွေကျပ် ၂ သိန်း၊ တတိယဆုအား ဆုငွေကျပ် ၁ သိန်း၊ နှစ်သိမ့်ဆု(၁)အား ဆုငွေကျပ် ၅သောင်း၊ နှစ်သိမ့်ဆု(၂)အား ဆုငွေကျပ် ၅ သောင်း အသီးသီးချီးမြှင့်သွားမည်ဖြစ်ကြောင်း ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်းမှ သိရသည်။

(၄၈၅)

၀-၀-၀-၀

# ဝါသီးနှံနှင့် ဆောင်းနေကြာစိုက် တောင်သူများနှင့်တွေ့ဆုံပွဲ ကျင်းပ

**မြစ်သား အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသင်းသားတောင်သူတစ်ဦးချင်းစီတွင် ဝင်ငွေတိုးတက်စေရန် ရည်ရွယ်၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ပြည့်စိုးသည် တောင်တောကုန်းကျေးရွာ မိုးဝါစိုက်ဧက (၄၅၃) ဧက စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုများကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဝါသီးနှံနှင့် ဆောင်းနေကြာစိုက်တောင်သူများနှင့် တွေ့ဆုံပွဲကျင်းပခဲ့သည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးက မြစ်သားမြို့နယ်အတွင်းရှိ တောင်တောကုန်းကျေးရွာ၊ တောင်တောကုန်း စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား ၇၇ ဦး၏ မိုးဝါစိုက်ဧက ၄၅၃ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ဒုတိယအကြိမ်ဝါကောက်နေမှုများအား ကြည့်ရှုအားပေးခဲ့သည်။ ဆက်လက်၍ မြစ်သား မြို့နယ်သမဝါယမအသင်းစုခန်းမတွင် ညွှန်ကြားရေးမှူး ဦးအောင်ပြည့်စိုးက အသင်းသား စိုက်တောင်သူများနှင့် တွေ့ဆုံကာ အထွက်တိုးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးချိန်မီစိုက်ပျိုးကြရေးနှင့် သွင်းအားစုများ အပြည့်အဝထည့်သွင်းနိုင်ရေး လမ်းညွှန်မှာကြားပြီး ဝါသီးနှံနှင့် ဆောင်းနေကြာစိုက် အသင်း ၁၃ သင်းမှ စိုက်တောင်သူ ၅၀ ဦးတို့အား နေကြာရေဆင်းစပ်မျိုး ၁ မျိုးအိတ်များကို စိုက်တောင်သူများလက်ဝယ် အရောက်ပေးအပ်ခဲ့သည်။




အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော်မှ ညွှန်ကြားရေးမှူး၊ မြစ်သားမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဝါသီးနှံနှင့် ဆောင်းနေကြာစိုက်တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**သီတာအောင်(မြစ်သား)**



# ဆင်းသုခ မိုးစပါးရိတ်သိမ်းနေမှုအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ကြို့ပင်ကောက် အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့ ဥက္ကံကျေးရွာအုပ်စု ကျွန်းကုန်းကျေးရွာမှ ကျွန်းသာယာစိုက်ပျိုးရေး အထွေထွေသမဝါယမအသင်းသား တောင်သူများ စိုက်ပျိုးထားသော ဆင်းသုခ မိုးစပါး ရိတ်သိမ်းခြွေလှေ့နေမှုအား မြို့နယ်သမဝါယမ ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြသည်။

ကျွန်းသာယာစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းတွင် အသင်းသား တောင်သူ ၁၄ ဦးမှ လယ် ၇၄ ဧကတွင် ဆင်းသုခစပါးမျိုးအား နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှင့် ညီမျှသော စိုက်ပျိုးရေးသွင်းအားစုများဖြင့် အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထားကြောင်း၊ ယခင်နှစ်က အထွက်နှုန်းထက်ပိုမိုထွက်ရှိမည်ဟု မျှော်လင့်ထားကြောင်း သမဝါယမအသင်းသား တောင်သူ ဦးသန့်ဇင်ဦးက ပြောသည်။

ကြို့ပင်ကောက်မြို့တွင် ကျေးရွာ စိုက်ပျိုးရေး သမဝါယမအသင်း ၉ သင်းတွင် တောင်သူ ၂၁၅ ဦးမှ လယ်ဧက ၁၂၅၀ တွင် ဆင်းသုခစပါးမျိုးများ စိုက်ပျိုးထားကြောင်း၊ တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှင့် ညီမျှသော စိုက်ပျိုးရေး သွင်းအားစု ယူရီးယားဓာတ်မြေဩဇာတစ်အိတ်နှင့် ကွန်ပေါင်းတစ်အိတ်တို့အား နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ပေးထားကြောင်း၊ မိုးစပါးသီးနှံပေါ်ချိန်တွင် မြို့နယ်သမဝါယမ အသင်းစုလီမိတက်သို့ ငွေကျပ် နှစ်သိန်းအား ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသန်းဌေးထံမှ သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဆောင်ရွက်

**နတ်မောက် အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် နယ်လှည့်စာကြည့်တိုက် နံရံကပ်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၁၀ နာရီက အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီးက ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ အသိပညာဗဟုသုတများ တိုးပွားစေရေး၊ အမှား၊ အမှန်ခွဲခြားသိမြင်တတ်ပြီး စာဖတ်သည့် အလေ့အကျင့်များ ရရှိစေရန်ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့်စာရိတ္တအကြောင်းအရာနှင့် ဒေါ်ဝင်းမေထွန်း(စာထောက်-၃)က ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များဖြစ်လာစေရန်နှင့် အနာဂတ်၏သားကောင်းရတနာများဖြစ်စေရန် ကျောင်းစာအပြင် ဗဟုသုတရရှိစေမည့် ပြင်ပဗဟုသုတစာများကို ဖတ်ရှုလေ့လာစေချင်ပါကြောင်း ဟောပြောဆွေးနွေးခဲ့သည်။ အဆိုပါဟောပြောပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အသိပညာပေးနံရံကပ်စာစောင်များနှင့် ဓာတ်ပုံများကို ပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(လှဝင်း)

# ပြင်ဦးလွင်ခရိုင် လူထုအခြေပြုဗဟိုဌာန(Community Centre)တွင် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်အိအိခိုင်က ပြိုင်ပွဲများ ကျင်းပပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ပြိုင်ပွဲများကိုကျင်းပရာ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးစီတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်လူရွယ်များ၊ ပြည်သူများ အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားလာစေရန်၊ အသိပညာဗဟုသုတရရှိစေရန်နှင့် စာကြည့်တိုက်နှင့် ပိုမိုရင်းနှီးလာစေရန်၊ နေ့ထူးနေ့မြတ်များကို အစဉ်သတိရစေရန် ရည်ရွယ်၍ သင်တန်းများ၊ ပြပွဲပြိုင်ပွဲများ၊ စာဖတ်ဝိုင်းများ၊ ဆွေးနွေးပွဲများကို လစဉ် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကိုရီးယားနိုင်ငံမှ အေးခဲငရုတ်သီးဝယ်လိုကြောင်း ကမ်းလှမ်းမှုများရှိသော်လည်း တင်ပို့နိုင်ရန် အခက်အခဲရှိနေ



ကိုရီးယားနိုင်ငံမှ အေးခဲငရုတ်သီးဝယ်လိုကြောင်း ကမ်းလှမ်းမှုများရှိသော်လည်း ပြည်တွင်းငရုတ်သီးများတင်ပို့နိုင်ရန် အခက်အခဲရှိနေကြောင်း မြန်မာနိုင်ငံ ငရုတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောသည်။

"ကိုရီးယားနိုင်ငံကနေ အေးခဲငရုတ်သီး လိုချင်လို့ ကမ်းလှမ်းမှုတွေရှိနေပါတယ်။ အရင်ကလည်း ဗီယက်နမ်က လည်း မှာယူတာမျိုးရှိခဲ့ဖူးပါတယ်။ အဲဒီတုန်းကတော့ သူတို့ လိုချင်တဲ့ငရုတ်ဆိုဒ်ကိုမပေးနိုင်လို့ အဆင်မပြေခဲ့ပါဘူး။ ငါး၊ ပုစွန် အေးခဲတဲ့အအေးခန်းတွေထည့်ပြီး ဆောင်ရွက်ဖူးတယ်။ အချို့နိုင်ငံတွေကတော့ ငါး၊ ပုစွန်နဲ့ရောပြီး အေးခဲတာကို မလိုချင်ကြဘူး။ ရန်ကုန် ဘုရင့်နောင်မှာရှိတဲ့ အအေးခန်းကတော့ ငရုတ်သီးကို သီးသန့် အေးခဲပေးနိုင်ပေမယ့် အအေးခန်းစရိတ်က တွက်ခြေ မကိုက်ဘူး။ အချို့နိုင်ငံတွေက ငရုတ်အစိုတင်ပို့မှုကို လက်မခံလို့ အေးခဲပြီးတင်ပို့နေကြတာပါ။ ငရုတ်အစိုအတိုင်း မပို့ဘဲ အေးခဲ အနေဖြင့်တင်ပို့ရင် စရိတ်တွေက ပိုများလာပါတယ်။ ငရုတ်ခြွေတာ တွေ မီးမှန်တဲ့အအေးခန်းစရိတ် တွေရှိလာပါတယ်။ ကိုရီးယား နိုင်ငံကနေလာတဲ့ တင်သွင်းကုန် လာပြီး အပြန်ကို အေးခဲငရုတ်သီး ကို ပြန်လည် ဝယ်ယူဖို့ ကမ်းလှမ်း လာတာပါ"ဟု ၎င်းကပြောသည်။

လက်ရှိမှာ ပြည်တွင်း ထွက်ရှိသည့် ငရုတ်စိုကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံသို့ အအေးခန်းကားများဖြင့်တင်ပို့မှုရှိခဲ့သော်လည်း လက်ရှိအချိန်တွင် နယ်စပ်ဂိတ်များ ပိတ်ထားခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်း ရက်ကြာမြင့်ခြင်းနှင့် တင်ပို့စရိတ်ကြီးမြင့်ခြင်းများကြောင့် ငရုတ်အစိုတင်ပို့နိုင်မှုမရှိဘဲ ပြည်တွင်းဈေးကွက်တွင်သာ ရောင်းချနေရသည်။

ပြည်တွင်းမှ ထွက်ရှိသည့် လတ်ဆတ်သီးနှံများကို သင်္ဘောဖြင့်တင်ပို့ရာတွင် အခြေခံအအေးခန်းများ နည်းပါးနေခြင်းနှင့် အေးခဲစရိတ်များကြီးမြင့်ခြင်းများကြောင့် သရက်သီးများ တင်ပို့မှုရှိခဲ့သော်လည်း ပမာဏများများ တင်ပို့နိုင်ခြင်းမရှိသလို လက်ရှိမှာလည်း ထောပတ်သီးများကို အေးခဲပြီးတင်ပို့ရန် ကမ်းလှမ်းမှုများလည်း ရှိနေကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "@Kyaw 25448" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်(တောင်) ရပ်ကွက်နေ ကျော်စိုးဝင်း (ခ)အတူးအား နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် ခရိုင်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့ပူးပေါင်းပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး ဟောပြောပွဲနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက် ၉ နာရီက ကျောက်ဆည်ခရိုင် လူထုအခြေပြု ဗဟိုဌာနတွင် ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက အသိပညာပေးဟောပြောပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းသည်။

ဆက်လက်ပြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ရီရီသန့်နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီတို့က စားသောက်ရေးလုပ်ငန်း၊ ဝတ်ဆင်ရေးလုပ်ငန်း၊ နေထိုင်ရေးလုပ်ငန်း၊ လူသုံးပစ္စည်းလုပ်ငန်း၊ အိမ်သုံးပစ္စည်းလုပ်ငန်း၊ စာပေပုံနှိပ်လုပ်ငန်း၊ ကုန်ကြမ်းပစ္စည်းလုပ်ငန်း၊ ဓာတ်သတ္တုပစ္စည်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စက်ပစ္စည်းလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းလုပ်ငန်းနှင့် အထွေထွေလုပ်ငန်းများ လုပ်ငန်းမှတ်ပုံတင်နိုင်ပြီး လုပ်ငန်းမှတ်ပုံတင်ခြင်းဖြင့် လုပ်ငန်းအတွက် နည်းပညာအကူအညီ အထောက်အပံ့များရရှိခြင်း၊ ငွေကြေးအထောက်အပံ့များရရှိခြင်း၊ ကုန်စည်ပြပွဲများ၊ ပြိုင်ပွဲများတွင် ပါဝင်ပြသနိုင်ခြင်း၊ လုပ်ငန်းများပိုမိုအောင်မြင်စေရန် မျိုးတူစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ခြင်း၊ ပြည်ပမှကျွမ်းကျင်သူများ၏ အကူအညီရယူနိုင်ခြင်းနှင့် ပြည်ပနှင့်စီးပွားရေးလုပ်ငန်းများ စာချုပ်များ ချုပ်ဆိုလုပ်ကိုင်နိုင်ခြင်း၊ အသစ်ထူထောင်သောလုပ်ငန်းများအတွက် လုပ်ငန်းစတင် လုပ်ဆောင်သည့်နှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလ ဝင်ငွေခွန် ကင်းလွတ်ခွင့်ရနိုင်ခြင်း၊ ဦးစီးဌာနနှင့် အစိုးရဌာနများက အခါအားလျော်စွာ သတ်မှတ်ပေးသော အခွင့်အရေးများကို ခံစားခွင့်ရနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ခံစားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

(၄စ၅)

၀-၀-၀-၀

# ထားဝယ်ထောင်တွင် အကျဉ်းသားတစ်ဦး လုံလောက်သော ဆေးကုသခွင့်မရရှိဘဲ လေဖြတ်ရောဂါဖြင့်သေဆုံးဟု မဟုတ်မမှန် လုပ်ကြံရေးသား

နေပြည်တော် အောက်တိုဘာ ၂၉

ထားဝယ်ထောင်တွင် နိုင်ငံရေးအကျဉ်းသားတစ်ဦး လုံလောက်သော ဆေးကုသခွင့်မရရှိဘဲ လေဖြတ်ရောဂါဖြင့် သေဆုံးခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page တွင် အောက်တိုဘာ ၂၁ ရက်က မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အား စိစစ်ရာတွင် ထားဝယ်အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသားဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိကြောင်း၊ အကျဉ်းသားရဲအောင်သည် အဖျားရောဂါနှင့် ယာဘက် ကိုယ်တစ်ခြမ်း လေဖြတ်ကာ လမ်းမလျှောက်နိုင်ခြင်းရောဂါ ခံစားနေရသဖြင့် ဇူလိုင် ၄ ရက်တွင် ထားဝယ်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ပြီး ပြန်လည်သက်သာလာသဖြင့် ဇူလိုင် ၉ ရက်တွင် ဆေးရုံဆင်းခွင့်ပြုခဲ့ကြောင်း။

ဆေးရုံဆင်းခွင့်ပြုပြီးနောက် ဆရာဝန်ချိန်းဆိုသည့်ရက်များတွင် ထားဝယ်ပြည်သူ့ဆေးရုံကြီးသို့ စုစုပေါင်း သုံးကြိမ် နေ့ချင်းပြန် ဆေးရုံပြပေးခဲ့ကြောင်း၊ အကျဉ်းထောင် သူနာပြုများကလည်း အကျဉ်းသားရဲအောင်အား အနီးကပ်ကြပ်မတ်ကုသပေးခဲ့ကြောင်း၊ ထိုသို့ အနီးကပ်ကြပ်မတ်ကုသပေးခဲ့သော်လည်း ရောဂါသက်သာခြင်းမရှိသဖြင့် စက်တင်ဘာ ၂၇ ရက်တွင် ထားဝယ်ပြည်သူ့ဆေးရုံကြီးသို့ ဒုတိယအကြိမ် တင်ပို့ကုသပေးခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ပေးခြင်း၊ ဦးခေါင်းကွန်ပျူတာ ဓာတ်မှန်ရိုက်ခြင်း (CT Scan- Head) များဆောင်ရွက်ခဲ့ရာ "ဦးနှောက်တွင် အကျိတ်တည်ခြင်းရောဂါ" ခံစားနေရသည်ကို တွေ့ရှိခဲ့ကြောင်း။

ထားဝယ်ပြည်သူ့ဆေးရုံကြီးတွင် ၂၁ ရက်ကြာ လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သော်လည်း ပြန်လည်သက်သာလာခြင်းမရှိဘဲ ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများကြောင့် အောက်တိုဘာ ၁၇ ရက် ညနေ ၄ နာရီခွဲတွင် ဦးနှောက်တွင် အကျိတ်တည်ခြင်းကြောင့် ဦးနှောက်အတွင်း သွေးကြောပိတ်၍ လေဖြတ်ခြင်းရောဂါကြောင့် သေဆုံးသွားခဲ့ခြင်းသာဖြစ်သည်။

ထို့ပြင် အကျဉ်းသားရဲအောင်အား ဆေးရုံတင်ပို့ကုသထားပေးသည့်ကာလအတွင်း မိသားစုဝင်များသည် လာရောက်ခြင်းမရှိသဖြင့် ဆေးဝါးကုန်ကျစရိတ်အား အကျဉ်းထောင်အစီအစဉ်ဖြင့် ကုသပေးခဲ့ကြောင်း၊ သေဆုံးသည့်သတင်းအား အကျဉ်းသား၏ မိသားစုများထံ ဆက်သွယ်အကြောင်းကြားခဲ့ပြီး အကျဉ်းထောင်မှ ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းစဉ်လာအတိုင်း ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့သည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်သည်။

သစ္စာ

# ဟားခါးမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်သည့် လက်နက်ကြီးကျည်ထိမှန်၍ ပြည်သူလေးဦး ထိခိုက်ဒဏ်ရာရကြောင်း သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၉

ချင်းပြည်နယ် ဟားခါးမြို့တွင် အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲပြီး ဒေသခံအမျိုးသမီးသုံးဦးနှင့် အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကိုတွေ့ရှိရသည်။

## ပစ်ခတ်တိုက်ခိုက်ခြင်းများပြုလုပ်

အဆိုပါ သတင်းနှင့်ပတ်သက်၍ အကြမ်းဖက်သမားများသည် ချင်းပြည်နယ် ဟားခါးမြို့အတွင်းရှိ ကျေးရွာများတွင် ခိုအောင်းလှုပ်ရှားနေပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အဝေးမှ ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ နေထိုင်သည့် လူနေရပ်ကွက်၊ ကျေးရွာများကို လက်နက်ကြီးများ၊ Drop Bomb များဖြင့် မကြာခဏ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်နေသဖြင့် အကြမ်းဖက်မှုကို မလိုလားသော ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများ ခိုအောင်းနေသည့်နေရာများကို ပစ်ခတ်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ရာ အကြမ်းဖက်သမားအချို့ ထိခိုက်ကျဆုံးခဲ့ကြောင်း သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထိုသို့ အကြမ်းဖက်သမားများက အထိအခိုက်အကျအဆုံးများပြားလာပြီး ပြည်သူလူထု၏ ထောက်ခံအားပေးမှုလည်း ကျဆင်းလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန်




အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ ဖြစ်စဉ်လွဲမှားသော မဟုတ်မမှန် သတင်းများအား ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## အသက်ကြီးသူများ ကျန်းမာရေးကောင်း၊ မကောင်းသိရန် ခြေထောက်တစ်ဖက်ထောက်ပြီး စမ်းသပ်ကြည့်နိုင်

အသက်၅၀နှင့်၆၀ကျော်လွန်ကာ အသက်အရွယ်ကြီးလာသူများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် အားအင်ကုန်ခမ်းကာ ကျန်းမာရေးဆုတ်ယုတ်လာတတ်သည်။

ထိုအသက်အရွယ်၌ ကျန်းမာရေးကောင်းမွန်အောင်ထိန်းမထားနိုင်ပါက နောက်ပိုင်းတွင် အိပ်ရာထဲလဲကာ သက်တမ်းစေ့မနေနိုင်ဘဲ အသက်တိုနိုင်သည်ဟု ဆေးသိပ္ပံပညာရှင်များက သတိပေးလေ့ရှိသည်။

အမေရိကန်ပြည်ထောင်စု မာယိုဆေးခန်း လှုပ်ရှားမှုဆန်းစစ်ရေးဓာတ်ခွဲခန်းညွှန်ကြားရေးမှူး ကင်တိုကော့ဖ်မန်းဦးဆောင်သော သုတေသီများ၏ လေ့လာတွေ့ရှိချက်အရ အသက်ကြီးသူများ ကျန်းမာရေးကောင်း၊ မကောင်းသိရန် ခြေထောက်တစ်ဖက်ထောက်ပြီး မတ်တပ်ရပ်ကာ စမ်းသပ်ကြည့်နိုင်သည်ဟု ဆိုသည်။

စက္ကန့်၃၀ကြာမျှ ခြေထောက်တစ်ဖက်ထောက်ပြီး မတ်တပ်ရပ်နိုင်လျှင် ကျန်းမာရေးကောင်းမွန်သည်ဟုဆိုနိုင်ပြီး ထိုကျန်းမာရေးကို ဆက်လက်ထိန်းထားသင့်သည်ဟု ကင်တိုကော့ဖ်မန်းက အကြံပြုကြောင်း သိရသည်။ SCI

## One Direction နှင့် X Factor မှ Simon တို့ စာချုပ် ချုပ်ဆို



ကမ္ဘာကျော် ဝမ်းဒါရိုက်ရှင်အဖွဲ့ဆိုသည်မှာ X Factor ပြိုင်ပွဲမှ ပြိုင်ပွဲဝင်ငါးဦးနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် တတိယနေရာရ၍ X Factor မှ ဆီမွန်က စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အဖွဲ့ဝင်ငါးဦးမှာ ငယ်ပေါင်းကြီးဖော်များ မဟုတ်ကြဘဲ X Factor ပြိုင်ပွဲအောင်မြင်ခဲ့ကာ နောက်ဆုံးအဆင့်တွင် ဖြုတ်ခံရမည့် စာရင်းတွင်ပါဝင်နေ၍ ဒိုင်နီကိုးရှာရာဇင်ကာက ငါးဦးအဖွဲ့တွဲခိုင်းပြီး ဆီမွန်က စာချုပ်ချုပ်ပေးခဲ့ခြင်း ဖြစ်သည်။

ယင်းအဖွဲ့က Brit Awards ခုနစ်ဆု၊ MTV ဂီတဆုလေးဆု၊ အမေရိကန်ဂီတဆု ခုနစ်ဆု Teen Choice ဆု ၂၈ဆုနှင့် ၂၀၁၃ခုနှစ် တစ်ကမ္ဘာလုံးရောင်းအား အကောင်းဆုံးအဆိုတော်ဖြစ်ခဲ့ပြီး တစ်ဖွဲ့လုံးစည်းလုံးကာ ၂၀၁၆ ခုနှစ်အထိ အတူရှိခဲ့ကြသည်။ (SKY)

## X-Men ရုပ်ရှင်သစ် ၂၀၂၅ ခုနှစ်ကုန်တွင် စတင်ရိုက်ကူးမည်

မာဗယ်လ်စတူဒီယို၏ X-Men ရုပ်ရှင်သစ်ကို 20th Century Fox မှ ဝယ်ယူခဲ့ပြီး မာဗယ်လ်ဇာတ်ကောင်များနှင့် ရုပ်ရှင်သစ်ကို ၂၀၂၅ ခုနှစ်ကုန်တွင် စတင်ရိုက်ကူးမည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မာဗယ်လ်စတူဒီယို၏ အဆိုအရ လက်ရှိရုံတင်ပြသနေသည့် Deadpool & Wolverine ရုပ်ရှင်သည် Mutant နှင့် X-Men များကို အတိအလင်းပြသထားပြီး သီးသန့်ရုပ်ရှင်များလည်း ထုတ်လုပ်မည်ဖြစ်ကြောင်း မာဗယ်လ်ရုပ်ရှင်နှစ်ကားအမည်မပေးရသေးဘဲ ၂၀၂၇ ခုနှစ် ဇူလိုင်နှင့် နိုဝင်ဘာလတွင် ရုံတင်ရန်ရှိကြောင်း တစ်ကားမှာ X-Men ရုပ်ရှင်သစ်ဖြစ်ပြီး ၂၀၂၅ ခုနှစ်ကုန်တွင် ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ X-Men ရုပ်ရှင်သစ်ကို ဇာတ်ညွှန်း ရာဇီဂျက်ကင်နှင့် မစ်ချယ်လက်စ်လီတို့ တရားဝင်ရေးသားထားပြီး ဟောလိဝုဒ်ရုပ်ရှင်နှင့် ဇာတ်လမ်းတွဲအဖြစ် ရိုက်ကူးထုတ်လုပ်မည်ဖြစ်ပြီး လက်ရှိ The Multiverse Saga ကို ပြသနေကာ X-Men ရုပ်ရှင်တွင် Deadpool နှစ်ကားအပါအဝင် စုစုပေါင်း ၁၃ ကားရှိပြီး Dark Phoenix နှင့် The New Mutants ရုပ်ရှင်မှာ ရလဒ်ဆိုးနှင့် ရင်ဆိုင်ခဲ့ရသည်။

(SKY)



## Blossoms Shanghai ဇာတ်ကားအပါဝင်ဇာတ်ကားများစွာ ရွှေလင်းယုန်ဆု စာရင်းဝင်ထား

တရုတ်အနုပညာလောကမှ အမြင့်ဆုံးထူးချွန်ဆုဖြစ်သည့် Golden Eagle ရွှေလင်းယုန်ဆု ဆန်ခါတင်စာရင်းဝင် ဇာတ်ကားများစွာတွင် Blossoms Shanghai လည်း ပါဝင်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ(၃၂) ကြိမ်မြောက် ရွှေလင်းယုန်ဆုပေးပွဲကြီးတွင် အနုပညာရှင်များနှင့်အတူ ဆန်ခါတင်စာရင်းဝင်ဇာတ်ကားများတွင် Bloosoms Shanghai, The Long Season, The Knockout, The Story Of Xingfu, Wild Bloom, Always On The Move, War Of Faith (ဝမ်ရိဘို ဇာတ်ကား) Ray Of Light, A Dream Of Splendor, Miles To Go နှင့် Like A Flowing River 3 တို့လည်း ပါဝင်ထားကြသည်။

ဇာတ်ပို့မင်းသားစာရင်းတွင် ဝမ်ရှောင်၊ ဝမ်ဂျင်ချူ၊ လီနိုင်ဝမ်၊ ကျန်ရှီရှောင်၊ ချင်ယောင်နှင့် ဒေါင်ယွန်တို့ပါဝင်ပြီး မင်းသမီးစာရင်းတွင် ဒင်လျူယန်၊ ဝူရွဲ၊ ကျန်ကေရင်း၊ လျူယန်၊ ဂျီအန်ယန်နှင့် ဂေါင်မိုတို့ ပါဝင်ထားကြသည်။

(SKY)



## Louis Tomlinson(One Direction) က Liam အတွက် စာရေးပေးထား

ကမ္ဘာကျော် One Direction အဖွဲ့ဝင် လူးဝစ်တွန်လင်ဆန်က ထွက်ခွာသွားသော လီယံပိန်းအတွက် ဝမ်းနည်းစွာနှင့် စာတစ်စောင်ရေးပေးထားသည်ဟု ဟောလိဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ စာရှည်တွင် လူးဝစ်တွန်လင်ဆန်က တစ်ဦးဆုံးရှုံးခဲ့ရ၍ ဝမ်းနည်းစွာနှင့် ရေးသားပေးခဲ့သည်။ ယင်းစာထဲတွင် လီယံပိန်းသည် နွေးစဉ်ပျော်ရွှင်၍ အကောင်းမြင်ကာ ကြင်နာမှုအပြည့်ရှိသော လူသားတစ်ဦး ဖြစ်သည်ဟု စတင်ထားသည်။

စတွေ့စဉ်က လီယံပိန်းက ၁၆နှစ် လူးဝစ်တွန်လင်ဆန်က ၁၈နှစ် ဖြစ်ပြီး လီယံပိန်း အသံကို သဘောကျခဲ့ကာ တစ်ဘဝလုံး ညီလေးတစ်ဦးလို ပိုင်ဆိုင်ခွင့်ရခဲ့သည်။ လီယံပိန်းက သီချင်းရေးကောင်းပြီး အတူဖန်တီးခဲ့ကြကာ အဖွဲ့တွင် မရှိမဖြစ်ဖြစ်လာကာ အကောင်းဆုံးပုံဖော်ပေးနိုင်ခဲ့သည်။ အပြီးတိုင်နှုတ်ဆက်ရန် ခက်ခဲခဲ့ပြီး စင်ပေါ်တွင် အတူဖျော်ဖြေခွင့် မရနိုင်တော့ချေ။

လီယံပိန်း၏ သားလေးကို ဦးလေးနေရာမှ စောင့်ရှောက်ပေးကာ သူ့ဖခင်အကြောင်း အမြဲပြောပြပေးပြီး မင်းကိုချစ်ကြောင်း ပြောခွင့်ရရန် ဆုတောင်းနေသည် အ ချစ်ဆုံးသူငယ်ချင်း၊ အချစ်ဆုံး ညီလေးဟူ၍ ရေးသားထားသည်။

(SKY)



## Lim Jiyeon က ချစ်သူကို ချီးကျူးစကားပြောကြားထား

အနုပညာရှင် လင်ဂျီယွန်သည် ချစ်သူ လီဒိုဟွမ် နတ်ကတော်မင်းသားအကြောင်းကို ချီးကျူးစကားပြောကြားထားသည်ဟု အင်တာဗျူးတစ်ခုတွင် ဖော်ပြထားကြောင်း ကိုရီးယားဘိုး ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အင်တာဗျူးတွင် လင်ဂျီယွန်၏ အချစ်ရေးအကြောင်းကို ပြောကြားခဲ့ရာ အလွန်ကောင်းမွန်သော အချစ်ရေးဖြစ်ခဲ့ပြီး အပြန်အလှန်ထောက်ပံ့ကူညီမှုလည်း ရှိခဲ့သည်ဟု ဆိုသည်။

ဘိတ်ဆန်း အနုပညာပေးပွဲတွင် လင်ဂျီယွန်နှင့် လီဒိုဟွမ်တို့ တစ်ဦးကိုတစ်ဦး ဂုဏ်ပြုပေးခဲ့ကြပြီး မျက်နှာသစ်ဆုရှင် (နတ်ကတော်ဇာတ်ကားနှင့် ဆုရသော လီဒိုဟွမ်က လင်ဂျီယွန်နာမည်ထည့်ပြောခဲ့၍ ပရိသတ်အားပေးထားကြသည်။

လင်ဂျီယွန်က ချစ်သူမောင်လေး လက်ရှိသင်တန်းတက်နေ၍ လိုအပ်သည်များ ကူညီပေးနေသည်။

(SKY)



## Jack & Jocker Series ထုတ်လုပ်သူ၏ ရင်တွင်းစကားပြောကြားထား

ထုတ်လုပ်သူ ဝါရ်ဝါနာရတ်က Jack&Jocker စီးရီးထုတ်လုပ်မှုနှင့် ပတ်သက်၍ ရင်တွင်းစကားပြောကြားထားသည်ဟု အင်တာဗျူးတစ်ခုတွင် ဖော်ပြထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားထုတ်လုပ်သူက အဖွဲ့နှင့် အခြေခံစတင်ခဲ့ပြီး စီးရီးပရောဂျက်အတွက် ရင်းနှီးမြှုပ်နှံရန် စီစဉ်ခဲ့သည်မှာ ကြာပြီဖြစ်ပြီး ကိုယ်ပိုင်စီးရီးကို လွတ်လပ်စွာဖန်တီးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဦးစွာပြောကြားထားသည်။

ကိုယ်ပိုင်စီးရီးဖြစ်၍ ဇာတ်ညွှန်းကို သေချာဖန်တီးရေးသား၍ကျေနပ်သည်အထိ ပြောင်းလဲခဲ့ကြကာ ထုတ်လုပ်မှုတစ်ခုလုံးကို ထုတ်ဝေသူက ထိန်းချုပ်ထားခဲ့ကာ သူတို့ကျင်းပခဲ့သည့် Partner in crime Concert နောက်ဆက်တွဲ တစ်ခုအဖြစ် အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းထားကြောင်း ဆက်လက်ပြီး ရင်ဖွင့်စကားပြောကြား၍ ပရိသတ်ကို အသိပေးခဲ့သည်။

(SKY)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အီလွန်မတ်စ်၏ ဒေါ်လာတစ်သန်း ကံစမ်းမဲအစီအစဉ်ကို ဖီလာဒဲလ်ဖီးယားခရိုင် ရှေ့နေရုံးက တရားစွဲဆိုဟန့်တား

**ဝါရှင်တန် အောက်တိုဘာ ၂၉**

၂၀၂၄ ခုနှစ် အမေရိကန် သမ္မတရွေးကောက်ပွဲအတွက် ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်ဘက်မှ ရပ်တည်ပေးနေသော သန်းကြွယ်သူဌေး အီလွန်မတ်စ်၏ ဒေါ်လာတစ်သန်း ကံစမ်းမဲအစီအစဉ်ကို ဖီလာဒဲလ်ဖီးယားခရိုင် ရှေ့နေရုံးက အောက်တိုဘာ ၂၈ ရက်တွင် တရားစွဲဆိုဟန့်တားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



အဆိုပါ ကံစမ်းမဲအစီအစဉ်သည် ဥပဒေနှင့်မညီသော ကံစမ်းမဲစနစ်ဖြစ်နေသည်ဟု ထောက်ပြကာ ထိုရုံးက တရားစွဲဆိုလိုက်ခြင်းဖြစ်သည်။

ဖီလာဒဲလ်ဖီးယားခရိုင် ရှေ့နေချုပ် လယ်ရီခရက်စနာ၏ ကြီးကြပ်မှုဖြင့် ထိုသို့ တရားစွဲဆိုခဲ့သဖြင့် ရီပတ်ဘလီကန်မဲဆွယ်စည်းရုံးရေးအဖွဲ့ အံ့အားသင့်သွားခဲ့သည်။

အီလွန်မတ်စ်၏ နိုင်ငံရေးလှုပ်ရှားမှုကော်မတီက ရီပတ်ဘလီကန်ပါတီ အနိုင်ရနိုင်ခြေများသော ပင်ဆယ်လ်ဗေးနီးယား၊ အာရီဇိုးနား၊ မီချီဂန်၊ ဂျော်ဂျီယာ၊ နေဗားဒါး၊ မြောက်ကယ်ရိုလိုင်းနားနှင့် ဝစ္စကိုဆင်ပြည်နယ်တို့တွင် မဲဆန္ဒပေးရန် မှတ်ပုံတင်သူများအနက်မှ တစ်ဦးစီကို နေ့စဉ် ကံစမ်းမဲနှိုက်ပေးနေသော အစီအစဉ် ဖြစ်သည်။

အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သေနတ်ကိုင်ဆောင်ခွင့် တောင်းဆိုခြင်းအတွက် လက်မှတ်ရေးထိုးသူကို ဒေါ်လာ ၁၀၀၊ အခြားလူတစ်ဦး လက်မှတ်ထိုးရန် ခေါ်လာပေးသူကို ဒေါ်လာ ၁၀၀ ပေးသော အစီအစဉ်လည်းပါဝင်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## အာရပ်စော်ဘွားများနိုင်ငံမှ အိမ်ရှေ့မင်းသား စင်ကာပူနိုင်ငံသို့ အလည်အပတ်လာရောက်



**စင်ကာပူ အောက်တိုဘာ ၂၉**

အာရပ်စော်ဘွားများနိုင်ငံမှ အိမ်ရှေ့မင်းသား ရှိတ်ခ်ခါလက် ဘင်မိုဟာမက်ဘင်ဇယက်အယ်လ်နာယန် အောက်တိုဘာ ၂၉ ရက်က စင်ကာပူနိုင်ငံသို့ အလည်အပတ် လာရောက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ အိမ်ရှေ့မင်းသားကို စင်ကာပူဝန်ကြီးချုပ် လောရန့်စ်ဝေါင်းက ခရီးဦးကြိုပြုကာ ပါလီမန်သို့ သွားရောက်ခဲ့ကြသည်။

ထိုအိမ်ရှေ့မင်းသား ရှိတ်ခ်ခါလက်ဘင်မိုဟာမက်ဘင်ဇယက်အယ်လ်နာယန် ဦးဆောင်သော အာရပ်စော်ဘွားများနိုင်ငံမှ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ထိပ်တန်းအရာရှိများသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ရက်ကြာခရီးစဉ်အတွင်း ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**Mon**




အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့တော်ရှိ ဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု နေအိမ်ရှေ့တွင် အောက်တိုဘာ ၂၈ ရက်က လူအချို့ စုဝေးကာ အစ္စရေးဓားစာခံများ ဟားမတ်စ်တို့လက်မှ လွတ်မြောက်ရေးအတွက် တောင်းဆိုနေကြစဉ်။

**Mon**

## ဆွစ်ဇာလန်ကုမ္ပဏီများ အိန္ဒိယ၌ တိုးမြှင့်ရင်းနှီးမြှုပ်နှံ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ အထိ တိုးမြှင့်ရောက်ရှိ

**ဂျီနီဗာ အောက်တိုဘာ ၂၉**

ဆွစ်ဇာလန်ကုမ္ပဏီများ အိန္ဒိယနိုင်ငံ၌ တိုးမြှင့်ရင်းနှီးမြှုပ်နှံလာကြရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ အထိ တိုးမြှင့်ရောက်ရှိနေပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဆွစ်ဇာလန် အပါအဝင် ဥရောပကုမ္ပဏီများသည် အရှေ့ကမ္ဘာသို့ စီးပွားရေးဈေးကွက် ချဲ့ထွင်ရာတွင် တရုတ်နိုင်ငံကို ယခင်က အထူးအာရုံစိုက်ခဲ့ကြသည်။

ယခုနောက်ပိုင်းတွင် တရုတ်နှင့် အမေရိကန်အကြား ကုန်သွယ်ရေးအခြေအနေ တင်းမာလာရာမှ ဥရောပနိုင်ငံများသည် ကမ္ဘာ့လူဦးရေ အများဆုံးဖြစ်သော အိန္ဒိယနိုင်ငံဘက်သို့ ဦးလှည့်လာကြသည်။

လတ်တလောတွင် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် အေဘီဘီကုမ္ပဏီက အိန္ဒိယနိုင်ငံတစ်ဝန်း၌ စက်ရုံ၊ အလုပ်ရုံများ၊ ကုမ္ပဏီရုံးခွဲများ တိုးချဲ့ဆောင်လုပ်လျက်ရှိကြောင်း သိရသည်။

**Mon**

0-0-0-0-0



## အက်ပဲလ်ကုမ္ပဏီ၏ မှတ်ဉာဏ်တုစနစ်ကို အိုင်ဖုန်းများထဲသို့ ထည့်သွင်းပေးလိုက်ပြီ

**ဝါရှင်တန် အောက်တိုဘာ ၂၉**

အများစောင့်မျှော်နေကြသော အက်ပဲလ်ကုမ္ပဏီ၏ မှတ်ဉာဏ်တုစနစ်ကို အောက်တိုဘာ ၂၈ ရက်တွင် အိုင်ဖုန်းများထဲသို့ စမ်းသပ်ထည့်သွင်းပေးလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မည်သည့်မှတ်ဉာဏ်တုစနစ်ကိုမျှ မှီခိုအားထားခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းမရှိဘဲ သီးခြားလွတ်လပ်စွာ ဖန်တီးထားသည်ဆိုသဖြင့် နည်းပညာစိတ်ဝင်စားသူများ ၄င်းကို စောင့်မျှော်နေခဲ့ကြခြင်း ဖြစ်သည်။

အိုင်ဖုန်း ၁၆၊ ၁၅ ပရိုနှင့် ပရိုမက်စ် ပိုင်ဆိုင်ထားသူများသာ ယင်းနောက်ဆုံးပေါ် မှတ်ဉာဏ်တုစနစ်ကို အသုံးပြုခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## နှစ်နှစ်ဆက်တိုက် လူဦးရေကျဆင်းလာပြီးနောက် မိသားစုမူဝါဒကို တရုတ်အစိုးရ ပြုပြင်ပြောင်းလဲမည်

**ပေကျင်း အောက်တိုဘာ ၂၉**

နှစ်နှစ်ဆက်တိုက် လူဦးရေကျဆင်းလာပြီးနောက် မိသားစုမူဝါဒကို တရုတ်အစိုးရ ပြုပြင်ပြောင်းလဲသွားမည်ဟု အောက်တိုဘာ ၂၈ ရက်က အတည်ပြုကြေညာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယမန်နှစ်က စတင်ကျဆင်းလာသော တရုတ်နိုင်ငံ၏ လူဦးရေသည် ယခုနှစ်တွင်လည်း ဆက်လက်ကျဆင်းခဲ့ရာ လက်ရှိလူဦးရေ သန်း ၁၄၀၀ ခန့်သာ ရှိမည်ဟု ခန့်မှန်းသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံနေရာသို့ ရောက်ရှိပြီးနောက် တရုတ်အစိုးရက လူဦးရေ ပြန်လည်တိုးပွားလာစေရန် ကြံဆခဲ့သည်။

သင့်လျော်သော အသက်အရွယ်တွင် တရုတ်နိုင်ငံသားများ လက်ထပ်ကာ သား၊ သမီး မွေးဖွားနိုင်ရန် အစိုးရဘက်မှ ပံ့ပိုးကူညီသွားမည်ဟု ဆိုသည်။

သို့ဖြစ်ရာ အသက် ၁၅ နှစ်နှင့် ၄၉ နှစ်အကြား သား၊ သမီး မွေးနိုင်သော အမျိုးသမီးများဦးရေ နှစ်အနည်းငယ်အတွင်း မြင့်တက်လာဖွယ်ရှိသည်ဟု တရုတ်ကျိုးတိုင်းအာမခံသုတေသနအဖွဲ့အစည်း၏ မူဝါဒအကြီးအကဲ ယန်ချန်းက သုံးသပ်ပြောဆိုကြောင်း သိရသည်။

**Mon**



## တစ်ကမ္ဘာလုံးရှိ သစ်ပင်မျိုးစိတ်များ၏ သုံးပုံတစ်ပုံ မျိုးသုဉ်းတော့မည့် အန္တရာယ်နှင့် လက်ရှိရင်ဆိုင်နေရ

**ဝါရှင်တန် အောက်တိုဘာ ၂၉**

တစ်ကမ္ဘာလုံးရှိ သစ်ပင်မျိုးစိတ်များ၏ သုံးပုံတစ်ပုံသည် မျိုးသုဉ်းပျောက်ကွယ်တော့မည့် အန္တရာယ်နှင့် လက်ရှိရင်ဆိုင်နေရသည်ဟု သဘာဝထိန်းသိမ်းစောင့်ရှောက်ရေး အပြည်ပြည်ဆိုင်ရာသမဂ္ဂက အစီရင်ခံတင်ပြခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါသမဂ္ဂအနေဖြင့် တစ်ကမ္ဘာလုံးတွင်ရှိသည်ဟု သတ်မှတ်ထားသော သစ်ပင်မျိုးစိတ်ပေါင်း ၅၈၀၀၀ ခန့်အနက်မှ ၄၇၀၀၀ ကို သုတေသနပြု လေ့လာခဲ့ရာ မျိုးစိတ်ပေါင်း ၁၆၀၀၀ ကျော် မျိုးသုဉ်းပျောက်ကွယ်တော့မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း တွေ့ရှိခဲ့သည်။

ထိုအဖွဲ့အစည်းက ဖော်ထုတ်တွေ့ရှိခဲ့သော မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသည့် သစ်ပင်မျိုးစိတ်များအနက် ၅၀၀၀ ကျော်ကို အိမ်ရာဆောက်လုပ်ရန်အတွက်လည်းကောင်း၊ ၂၀၀၀ ကျော်ကို ဆေးဝါး၊ အစားအစာနှင့် လောင်စာအဖြစ်လည်းကောင်း လူတို့သုံးစွဲခဲ့ကြသည်။

ကမ္ဘာ့နိုင်ငံပေါင်း ၁၉၂ နိုင်ငံတွင် စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ သစ်ထုတ်လုပ်ခြင်းအပါအဝင် အကြောင်းအမျိုးမျိုးတို့ကြောင့် သစ်ပင်မျိုးစိတ်များ လျော့နည်းလာရခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



## မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး အောက်တိုဘာ ၂၉**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း (ဗဟို-မန္တလေး)(AEDA-Mdy) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီခွဲက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၃၄)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုမြင့်က အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။ ထို့နောက် အသင်းအတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်သမိုင်းကြောင်းကို ဟောပြောပြီး မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်အကြောင်းကိုအသင်းအမှုဆောင် ဒေါ်သင်းသင်းဦးက ဟောပြောစဉ် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆက်စပ်အန္တရာယ်အကြောင်းကို တွဲဖက်အတွင်းရေးမှူးဦးသန့်ဇင်ဦးက ပြောသည်။



ထို့နောက် အသင်းအမှုဆောင်က တက်ရောက်လာသော ကျောင်းသား၊ကျောင်းသူများအား မေးခွန်းများ မေးမြန်းပြီး ဖြေဆိုသူများအား ဆုလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါး မသုံးစွဲရန် သန္နိဋ္ဌာန်ကို ရွတ်ဆိုကြကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၇ဝ)



## သရက်မြို့၌ ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အင်ဖက်များအခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်း သုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဝန်ထမ်းများ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ်အသုံးပြုမှု လျှော့ချရေးအသိပညာပေး ပြောကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇော်ထက်(သရက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

## ထန်ပါခွေမြို့ ဈေးအရောင်းဆိုင်များ ရှောင်တခင်စစ်ဆေး

**ထန်ပါခွေ အောက်တိုဘာ ၂၉**

နာဂဒေသ၊ ထန်ပါခွေမြို့၊ မြို့ပေါ်ရပ်ကွက်ရှိ ဈေးအရောင်းဆိုင်များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့မှ အောက်တိုဘာ ၂၁ရက် နံနက်ပိုင်းက ရှောင်တခင်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် ထန်ပါခွေမြို့၊ မြို့ပေါ်ရပ်ကွက်ရှိ ဈေးအရောင်းဆိုင် ခြောက်ဆိုင်အား ရက်လွန်စားသောက်ကုန်များနှင့် ဆေးဝါးများအား ရှောင်တခင်ဝင်ရောက် စစ်ဆေးကာ ရက်လွန်စားသောက်ကုန်များအား သိမ်းဆည်းခဲ့သည်။သိမ်းဆည်းရမိသည့် ရက်လွန်စားသောက်ကုန်များအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ မီးရှို့ဖျက်ဆီးခဲ့သည်။ (ယာပုံ)



ရှောင်တခင်စစ်ဆေးရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ပြန်/ဆက်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့်ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူများ ပူးပေါင်း ပါဝင်ကြကြောင်း သိရသည်။(၃၉၄)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တာချီလိတ်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁၂နာရီခွဲက သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့နယ်၊ ဟွေရဲကျေးရွာအနီးတွင် လော်ဂါဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ် ဆေးပြား ၃၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်တွင် စိုင်းခမ်းပန်ဆိုသူ မောင်းနှင်လာသည့် DAIHATSU HIJET အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၃ ကီလိုနှင့်လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးများနှင့် စပ်လျဉ်း၍ လော်ဂါ (၂၉)နှစ်နှင့် စိုင်းခမ်းပန် (၃၈)နှစ်တို့အား သက်ဆိုင်ရာရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(ယာပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## မဟာအောင်မြေမြို့နယ်တွင် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၅ ရက် ည ၉ နာရီခွဲက သတင်းအရ သက်သေများနှင့်အတူ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာ(မြောက်)ရပ်ကွက်၊ လမ်း ၈၀၊ ၃၆လမ်းနှင့် ၃၇ လမ်းကြားတွင် လမ်းလျှောက်လာသူ အိအိမျိုး(ခ)နန်းအိမြတ်ဆိုသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၄၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ည ၉ နာရီ ၄၅ မိနစ်က ၎င်းတည်းခိုနေထိုင်သည့် ဟိုတယ်အခန်းအတွင်းမှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water အလေးချိန် ၁ ဒသမ ၉၂၄ ကီလိုနှင့် အက်တက်စီဆေးပြား ၄၅ ပြားတို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အိအိမျိုး(ခ)နန်းအိမြတ်(၂၇)နှစ်တို့အား အမှတ်(၉)မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



ယာဉ်မောင်းစဉ် လက်ကိုင်ဖုန်း မပြောရ။

# နေရာ

စူးစူးဝါးဝါး အော်သံကြောင့် ဈေးလာဝယ်နေသော ကျွန်တော်မှာ လန့်ဖြန့်သွားမိပါသည်။ အရပ်ပုပု အသားညိုညို ဝဝဖိုင့်ဖိုင့် အသက်(၅၀)အရွယ်ရှိ မိန်းမတစ်ဦးက အနီးအနားမှ အသက်(၃၀)အရွယ် မိန်းမတစ်ယောက်အား လက်ညှိုးတစ်ထိုးထိုးနှင့် ရန်တွေ့ပြီး အော်ဟစ်နေပါသည်။ စည်ပင်သာယာမှ တာဝန်ရှိသူများ လာရောက်ဖျန်ဖြေမှသာ ရန်ဖြစ်နေတာ ရပ်တန့်သွားပါသည်။ အကြောင်းအရင်းကို စပ်စုကြည့်လိုက်တော့မှ ထိုဝဝဖိုင့်ဖိုင့်မိန်းမကြီး၏ ဈေးဆိုင်နေရာကို ဈေးမထွက်သဖြင့် ၄င်းနေရာ၌ အခြားဈေးသည်တစ်ဦးက လာရောက်ပြီး ဈေးရောင်းချနေ၍ ရန်တွေ့အော်ဟစ်နေပြီး မောင်းထုတ်နေခြင်းဖြစ်ပါသည်။ အချို့ဈေးသည်တွေဆိုလျှင် ဆိုင်နေရာကို လာထွက်တာမပြောပါနှင့် ဆိုင်နီးချင်းဖြစ်ပြီး အရောင်းအဝယ်တွေမကောင်းလို့ ရောင်းကုန်ပစ္စည်းကို ပြောင်းရောင်းကြသည့်အခါ ရောင်းကုန်ချင်းတူလာလျှင်ပင် အကြဲတူရန်သူလို သဘောထားပြီး ပြဿနာဖြစ်ကြပါသည်။

ဈေးသည်ဆိုတာ တစ်ဦးနဲ့တစ်ဦး ဆက်ဆံသည့်အခါ အပြုံးလေးနဲ့ ဆက်ဆံနေကြပေမယ့် ဈေးသည်ရဲ့သဘာဝဟာ လောဘကို ရှေ့တန်းတင်ကြသည့်အတွက် ဆိုင်နီးနားချင်းဖြစ်သော်လည်း အခန့်မသင့်လျှင် အခန့်မသင့်သလို ရန်ဖြစ်ကြပါသည်။ အစက တစ်ဦးနဲ့တစ်ဦး ထမင်းအတူစား၊ လက်ဖက်ရည်အတူသောက်ကြပြီး စနေကြ၊ နောက်နေကြသော်လည်း အခန့်မသင့်လို့ ရန်ဖြစ်ကြရင် ဆိုင်နီးနားချင်းပေမယ့် စိတ်ဆိုးပြီး နှစ်နှစ်၊ သုံးနှစ်အထိ စကားမပြောကြတော့ပါ။ အခေါ်အပြော မလုပ်ကြတော့ပါ။

ကဲဗျာ အုံ့သြစရာကောင်းလိုက်တာများ တကယ်တော့ ဈေးမှာ ဈေးရောင်းချနေရခြင်းသည် စည်ပင်သာယာမှ ၄င်းနေရာအား ယာယီရောင်းချခွင့်ပေးထားခြင်းသာ ဖြစ်ပါသည်။ စည်ပင်သာယာဆိုင်ရာ စည်းမျဉ်းများအရ ဈေးရောင်းချခွင့်ကို ယာယီခွင့်ပြုထားသော်လည်း လိုအပ်ရင် လိုအပ်သလို အခြားသင့်လျော်သည့်နေရာသို့ ပြောင်းရွှေ့ပေးရပါသည်။ ထိုယာယီရောင်းချခွင့်ပေးထားသောနေရာ၌ စည်ပင်သာယာကို ခွင့်မတောင်းဘဲ မိမိသဘောဆန္ဒဖြင့် အကြောင်းမဲ့ ခုနစ်ရက်ဆက်တိုက်ပျက်ကွက်ပြီး ဈေးမရောင်းချပါက ၄င်းဈေးဆိုင်နေရာတွင် အခြားဈေးရောင်းချလိုသူတစ်ဦးကို ယာယီနေရာချထားပေးရပါသည်။ ထိုသို့ယာယီဈေးရောင်းရသောနေရာကိုပင် ဈေးသည်အများစုက သူတို့အပိုင်ဟု ထင်မှတ်နေကြပြီး မာန်တက်ကာ မဏ္ဍပ်တိုင်တက်နေကြပါသည်။ အချို့ဈေးသည်တွေဆိုရင် တစ်ဆင့်စကားများ၏ ပြောစကားများအရ မိမိဆိုင်နေရာကို စည်ပင်သာယာမသိအောင် တိုးတိုးတိတ်တိတ် လက်သိပ်ထိုးရောင်းစားကြပါသည်။ ဟိုကလာမေး၊ဒီကလာမေးလုပ်လျှင် သူရဲ့ တူပါ၊ တူမပါ၊ ညီမဝမ်းကွဲပါဟု အမျိုးမျိုးပြောကာ လိမ်ညာကြပါသည်။

သူတို့ ဈေးမထွက်ရင် သူတို့နေရာကိုလာ၍ ဈေးရောင်းချသူအား နေရာခတောင်းကြပါသည်။ နေရာခမပေးလျှင် လာရောက်ဈေးရောင်းချသူကို အကြောင်းအမျိုးမျိုးပြပြီး မောင်းထုတ်ပါတော့သည်။ မောင်းထုတ်ခံရသူက စည်ပင်သာယာတာဝန်ရှိသူကို တိုင်ကြားသောအခါ စည်ပင်သာယာတာဝန်ရှိသူက မောင်းထုတ်သည့် ဈေးသည်အား ခေါ်ယူတွေ့ဆုံပြီး စည်ပင်သာယာဥပဒေပြဋ္ဌာန်းထားပါတယ်။ ယခုဈေးဆိုင်တွေကို ယာယီရောင်းချခွင့်ပြုထားတာဖြစ်လို့ နေရာငှားစား၍ မရပါ။ ရောင်းစား၍ မရပါ။ နောက်တစ်ခါ ငှားစားတာသိလျှင် ယခုနေရာကို ဈေးထွက်ခွင့်ပိတ်သိမ်းပါမယ်ဟု အသိပေးပြောကြားပြီး ထိုဈေးသည်အား နေရာငှားစားခြင်းမပြုလုပ်ဖို့ ဝန်ခံကတိလက်မှတ်ရေးထိုး မှတ်တမ်းတင်ဆောင်ရွက်ရပါသည်။

ဩော် ဈေးသည်တွေများ တတ်လည်းတတ်နိုင်ကြပါသည်။ မိမိကို စည်ပင်သာယာက ယာယီဈေးရောင်းချခွင့်ပေးထားတဲ့နေရာကို ငှားစားချင်တယ်၊ ရောင်းစားချင်တယ်ဆိုကာ အမျိုးမျိုးဖန်တီးပုံဖော်နေကြပါသည်။ ဈေးသည်တစ်ဦးသည် ဈေးတစ်ဈေးမှာ ဆယ်စုနှစ်ကြာဈေးထွက်ပြီးမှ ထိုဈေးတွင် ဈေးမထွက်သော ဈေးသည်၏နေရာကို စည်ပင်သာယာမှ အစားထိုးပေးပြီး ရောင်းချခွင့်ပြုပေးခဲ့ပါသည်။ မိမိ၏ဈေးထွက်ခွင့်နေရာတစ်နေရာရဖို့ဆိုတာ အချိန်တွေအများကြီးနဲ့ ရင်းနှီးပေးဆပ်ခဲ့ရတာပါ။ ဈေးသည်ချင်းတူပေမယ့် ကံအကျိုးပေးချင်းတော့ ကွာပါသည်။ အချို့ဈေးသည်ဆိုရင် ကိုယ်ဈေးရောင်းတာ အချိန်ကာလ (၆)လလောက်သာရှိပေမယ့် ထိုဈေး၌ ဈေးမထွက်သော ဈေးဆိုင်နေရာရှိခဲ့ရင် ထိုဈေးသည်ဟာ ဈေးရောင်းချခွင့်ရသွားတတ်ပါသည်။ ဈေးတွေမှာ နေရာတစ်နေရာစာ ဈေးရောင်းချခွင့်ရဖို့ဟာ အလွန်တန်ဖိုးရှိလှပါသည်။ ယခင်တုန်းကဆို ဈေးရောင်းချသော နေရာများဟာ ကပ်ကြမ်းနဲ့မိုးကာစများနဲ့ဖြစ်ပြီး မြေကြီးခြေနင်းဖတ်တွင် ရောင်းကြရပါသည်။ ယခုအခါ စည်ပင်သာယာမှ သန့်ရှင်းသပ်ရပ်မှုရှိစေရန် ဈေးသည်များကို ထိုင်ခုံများနှင့် ရောင်းချခွင့်ပေးထားသောကြောင့် ရောင်းကုန်များမှာ ခြေနင်းဖတ်တွင် မဟုတ်တော့ဘဲ ထိုင်ခုံများနှင့် စည်းကမ်းတကျ ဈေးရောင်းချကြ၍ အများကြီးအဆင်ပြေလှပါသည်။ ဈေးတွေကို နိုင်ငံခြားသားများ လာရောက်လေ့လာသောအခါမှာလည်း မန်းရွှေမြို့ဂုဏ်ကို တင့်တယ်စေပါသည်။ ဈေးသည်တွေအနေဖြင့် မိမိဈေးရောင်းချခွင့်ရထားသောနေရာမှာ စည်းကမ်းတကျရှိစွာနှင့် ကျန်းမာရေးအတွက် သင့်လျော်သော ရောင်းကုန်ပစ္စည်းများကို စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ရောင်းချစေချင်ပါကြောင်း၊ မိမိဈေးရောင်းချခွင့်ရထားသောနေရာကိုလည်း တန်ဖိုးထားသင့်ပါကြောင်း စာရေးသူက ဆန္ဒပြုရေးသားလိုက်ရပါသည်။

**သန်းနိုင်စိုး**

# လျှပ်စစ်ဝန်ဆောင်မှုကောင်းစေဖို့ဆိုသည်မှာ

**မောင်မောင်စွယ်စုံထွန်း**

အဆင့်မြင့်နည်းပညာခေတ်သို့ ရောက်ရှိနေသဖြင့် အချို့နိုင်ငံများတွင် ဝန်ဆောင်မှုကို စက်ရုပ်များဖြင့် ဆောင်ရွက်နိုင်နေပြီဖြစ်သော်လည်း လူ့စွမ်းအားသည် အဓိကကျနေဆဲ ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်မူ နိုင်ငံတည်ဆောက်ရေးအပါအဝင် အစိုးရ၏လုပ်ငန်းများကို လူသားများဖြင့်သာ အဓိကထား ဆောင်ရွက်နေကြရပါသည်။ နိုင်ငံအတွက်၊ပြည်သူအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံများကို ဖြိုဖျက်ရန်လွယ်ကူသော်လည်း တည်ဆောက်ရန် ခဲယဉ်းပါသည်။ ဖြိုဖျက်ရန် မိနစ်ပိုင်းသာလိုသော်လည်း တည်ဆောက်ရန် ရက်၊လ၊နှစ်များစွာ ဆောင်ရွက်ကြရပါသည်။ နေရာဒေသ၊နယ်ပယ်၊လုပ်ငန်းသဘာဝ အမျိုးမျိုးကွဲပြားနေသော်လည်း ဝန်ထမ်းများသည် နိုင်ငံအတွက်၊ပြည်သူ့အတွက် လိုအပ်သောလုပ်ငန်းများကို ကဏ္ဍအသီးသီးတွင် အကောင်အထည်ဖော် ဆောင်ရွက်နေကြသူများဖြစ်ပြီး ဖျက်ဆီးနေကြသူများ မဟုတ်ကြပါ။

နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူတစ်ရပ်လုံးကို အလုပ်အကျွေးပြုကြရသူများသာ ဖြစ်ပါသည်။ ဝန်ထမ်းဦးရေသည် မြန်မာနိုင်ငံလူဦးရေ၏ ရာခိုင်နှုန်းအနည်းငယ်သာရှိပြီး ရာခိုင်နှုန်းများစွာသော ပြည်သူများကို ဝန်ဆောင်မှုပေးနေကြရသဖြင့် အားနည်းချက်များ အနည်းနှင့်အများ ရှိနိုင်ပါသည်။ သို့ဖြစ်၍ အရပ်ဘက်အဖွဲ့အစည်းများကလည်း နိုင်ငံ့ဝန်ထမ်းများ၏ ဝန်ဆောင်မှုပေးရေးလုပ်ငန်းများတွင် ပြည်သူအတွက် အကျိုးထိရောက်မှုများ ပိုမိုများပြားမြန်ဆန်ရေးကို နှိုးဆော်ဆောင်ရွက်လာကြသကဲ့သို့ သတင်းနည်းပညာများကလည်း ဝန်ဆောင်မှုပေးရေးလုပ်ငန်းများ၏ အရည်အသွေးတိုးတက်ရေးကို တွန်းအားပေးလျက်ရှိပါသည်။ ယင်းသို့သော အခြေအနေများတွင် ဝန်ထမ်းများ၏ ဝန်ဆောင်မှုပေးရေးစနစ်များသည် သမားရိုးကျအတိုင်း ရပ်တည်မနေနိုင်တော့ဘဲ အယူအဆအသစ်များ၊ လုပ်နည်းလုပ်ဟန်အသစ်များဖြင့် ပြောင်းလဲဆောင်ရွက်ရန် လိုအပ်လာပါသည်။

(၂၁)ရာစုတွင် ထိရောက်သော ပြည်သူ့ဝန်ဆောင်မှုများ ဖြစ်ပေါ်လာစေဖို့ အစိုးရယန္တရားအား NPM (New Public Management) ဟုခေါ်သော ပြည်သူ့ရေးရာစီမံဆောင်ရွက်မှု နည်းလမ်းအသစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ပါသည်။ အဆိုပါနည်းလမ်းမှာ နိုင်ငံ့ဝန်ထမ်းများက ဝန်ဆောင်မှုပေးရာတွင် ပြည်သူကို ဗဟိုပြု၍ လုပ်ငန်းများ ဆောင်ရွက်ရန် ဖြစ်သည်။ ပြည်သူများ၏လိုလားချက်နှင့် အကျိုးစီးပွားများကို အချိန်နှင့်တစ်ပြေးညီ သိရှိဆောင်ရွက်ပေးနိုင်ရေးကို ဦးတည်၍ နိုင်ငံ့ဝန်ထမ်းများက အမြဲအသင့်ဖြစ်နေစေရန်၊ ဝန်ဆောင်မှုလုပ်ငန်းတွင် သက်ဆိုင်သူအားလုံး ပါဝင်ဆောင်ရွက်ခွင့်ရနိုင်ရန် တာဝန်သိခြင်း၊ တာဝန်ခံခြင်း၊ တီထွင်ကြံဆလုပ်ကိုင်တတ်ခြင်း၊ စိတ်အားထက်သန်ခြင်းစသည့် အရည်အသွေးများဖြင့် ပြည်သူ့အား ထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ရမည်ဟူသော အယူအဆသစ်တစ်ခု ဖြစ်ပေါ်လာခဲ့သည်။

အဆိုပါဝန်ဆောင်မှုနည်းအသစ်သည် ပြည်သူကိုစားသုံးသူအဖြစ် ရှုမြင်ပြီး ဝန်ဆောင်မှုရလဒ်ကို အဓိကထားသောနည်းလမ်း ဖြစ်သည်။ ဝန်ဆောင်မှုရလဒ်ကောင်းလာသည်ဟုဆိုနိုင်သော်လည်း စီးပွားရေးဆန်လာသည်ဟု ဝေဖန်သူများကလည်း ဝေဖန်ခဲ့ကြသည်။ ပြည်သူကို ဝန်ဆောင်မှုကောင်းကောင်း ပို၍ ပေးနိုင်ရန် ပြည်သူများကလည်း စီးပွားရေးဆန်ဆန် ရှုမြင်တတ်ကြရန် လိုအပ်ပါသည်။ ပြည်သူများ မိမိတို့ဘက်မှ ပါဝင်မှုမရှိဘဲ နိုင်ငံတော်ဘက်မှချည်း မျှော်လင့်နေခြင်းသည် မှန်ကန်သည်ဟု ယူဆနိုင်မည် မဟုတ်ပေ။ ထိရောက်သော ပြည်သူ့ဝန်ဆောင်မှုဖြစ်စေဖို့ ပြည်သူများကလည်း ငွေကြေးအင်အား၊ လူအင်အား၊ ပစ္စည်းအင်အား စသည်ဖြင့် ပူးပေါင်းပါဝင်လာမှသာ ဖြစ်ထွန်းလာစေနိုင်မည်ဖြစ်ပါသည်။

ဝန်ထမ်းများ၏ စိတ်ထဲတွင် ပြည်သူသာလျှင်အဓိကဟူသော စိတ်ဓာတ်ရှိလာရန်မှာ ပြည်သူက မိမိတို့တတ်နိုင်သည့်ဘက်မှ ပူးပေါင်းကူညီဆောင်ရွက်ကြမှသာ ဖြစ်လာနိုင်ပါမည်။ သို့မှသာ ပြည်သူကို ဦးထိပ်ထား၍ ဆောင်ရွက်လာကြမည်ဖြစ်ပါသည်။ သက်ဆိုင်ရာဝန်ထမ်းများအပေါ် ရန်သူသဖွယ် ဆက်ဆံပြောဆိုနေခြင်းဖြင့် အဆိုပါဝန်ထမ်းများကလည်း ပြည်သူသာအဓိက စိတ်ဓာတ်အားထားနိုင်ကြလိမ့်မည်မဟုတ်ပါ။ မြန်မာ့ယဉ်ကျေးမှုတွင် တစ်ဦးက စေတနာ တစ်ဦးက မေတ္တာဟု ပြောဆိုခဲ့ကြသည်။ အပြန်အလှန်မေတ္တာစေတနာရှိကြမှသာလျှင် ပြည်သူကသာ အဓိကစိတ်ထားသည် ဖြစ်ပေါ်လာနိုင်ပါသည်။ တစ်နည်းအားဖြင့် နည်းနည်းပေးပြီး များများမျှော်လင့်နေ၍တော့ရနိုင်မည် မဟုတ်ပါ။

(၂၄-၈-၂၀၂၄)ရက်က ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်တစ်ခုတွင် နေအိမ်တစ်ခုမှ လျှပ်စစ်မီးမရကြောင်း တိုင်ကြားသဖြင့် မြို့နယ်ရုံးမှ တာဝန်ကျဝန်ထမ်းလေးမှ သွားရောက်စိစစ်ရာ အိမ်တွင်းဆားဗစ်ကြိုး(မီတာအသုံးပြုသောကြိုး) မရှိတော့ကြောင်းတွေ့ရသဖြင့် တိုင်ကြားသူဟု ယူဆ၍ ရှင်းပြနေစဉ် အထပ်မြင့်တိုက်ခန်းများဖြစ်၍ ကျန်အခန်းများမှ လူများက အထင်လွဲပြီး အဆိုပါဝန်ထမ်းအား နင်တို့ခိုးတာ..သူခိုးတွေ..လို့ပြောပြီး ဝိုင်းရိုက်ခဲ့သည့် ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်စဉ်ကဲ့သို့ သွားရောက်တာဝန်ထမ်းဆောင်သည့် လျှပ်စစ်ဝန်ထမ်းများအပေါ် အန္တရာယ်ပြုခံရခြင်းများ နေရာဒေသအချို့တွင် ဖြစ်ပွားခဲ့ပြီးလည်း ဖြစ်ပါသည်။

လျှပ်စစ်ဆိုသည်မှာ ၂၄ နာရီ လည်ပတ်နေရသော ယန္တရားကြီးတစ်ခုဖြစ်ပြီး အဆိုပါယန္တရားကြီး လည်ပတ်ဖို့ Auto နှင့် Manual နှစ်မျိုးစလုံးဖြင့် မောင်းနှင်ထိန်းကျောင်းနေရခြင်း ဖြစ်ပါသည်။ Manual ဆိုသည့်အပိုင်းတွင် ပင်မဓာတ်အားခွဲရုံကြီးများ Operation ပြုလုပ်ခြင်းသာမက အိမ်သုံးဆားဗစ်ကြိုးလွတ်နေလို့ ပြန်ချိတ်တာအထိ ပါဝင်ပါသည်။ လျှပ်စစ်လုပ်ငန်းစဉ်ကြီးများမှာ နေ့ မရှိ၊ ည မရှိ လူအချိန်းအပြောင်း Shift နှင့် ဆောင်ရွက်နေကြရခြင်း ဖြစ်ပါသည်။

လျှပ်စစ်ဌာနဆိုသည်မှာ ပြည်သူများ ဓာတ်အားရရှိစေရန်ကိုသာ ဆောင်ရွက်ပေးနေရသည့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းဖြစ်သည့်အားလျော်စွာ အန္တရာယ်ပြုခံရခြင်းများ ရှိစေကာမူ မဖြစ်မနေ တာဝန်ထမ်းဆောင်ရွက်နေကြရပါသည်။ နယ်မြေအခြေအနေအရ ညဘက်အချိန်များတွင် အပြစ်တစ်ခုခုကြောင့် မီးပြတ်ခြင်းအား ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်းမရှိတာတွေလည်း ရှိပါသည်။ သို့သော် ဓာတ်အားပြတ်ဧရိယာများခြင်း၊ ဆေးရုံနှင့် အခြားအရေးကြီးဧရိယာများ ပါဝင်နေခြင်း၊ လျှပ်စစ်အန္တရာယ်ရှိစေနိုင်ခြင်းများရှိပါက လုံခြုံရေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ အချိန်အခါမရွေး ဆောင်ရွက်ပေးကြပါသည်။ ထို့အပြင် မီးသုံးသူများ၏ အခက်အခဲကို စာနာခြင်းအားဖြင့် လည်းကောင်း၊ နယ်မြေအခြေအနေအရ လုံခြုံစိတ်ချရသည်ဟု ယူဆရ၍ လည်းကောင်း၊ ကန့်သတ်ချိန်ကာလမရောက်မီဖြစ်၍လည်းကောင်း လိုအပ်ပါက ညအချိန် မီးပျက်ပြုပြင်ခြင်းများကို ဆောင်ရွက်ပေးနေကြပါသည်။ သို့ပါ၍ ပြည်သူများ ဓာတ်အားရရှိစေရန် ဆောင်ရွက်ပေးနေကြသည့် လျှပ်စစ်ဝန်ထမ်းများအား ရန်ပြုခြင်းမပြုဘဲ ပါဝင်ပူးပေါင်းပေးကြဖို့ လေးနက်စွာဖြင့် မေတ္တာရပ်ခံလိုပါသည်။

အဖွဲ့အစည်းတစ်ရပ် အောင်မြင်မှုရရှိဖို့ဆိုသည်မှာ အဆိုပါအဖွဲ့အစည်းတွင် တာဝန်ယူဆောင်ရွက်နေကြသော တာဝန်ရှိသူတို့က သက်ဆိုင်ရာပြည်သူအပေါ် အခွင့်အလမ်းမည်မျှပုံဖော်ပေးနိုင်မည်ဆိုသည်ကသာ အဆိုပါအဖွဲ့အစည်း၏ စံဖြစ်ပါသည်။

စာမျက်နှာ(၁၇)သို့ >>>

# အိန္ဒိယက မြန်မာမတ်ပဲကို တန်ချိန် ၅သိန်းအထိ တိုးမြှင့်ဝယ်ယူမည်

အိန္ဒိယက လာမည့်နှစ်က စပြီး မြန်မာမတ်ပဲကို တန်ချိန် ၅သိန်းအထိ တိုးမြှင့်ဝယ်ယူသွားမှာဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ယခင်ချုပ်ဆိုထားသော အိန္ဒိယ-မြန်မာမတ်ပဲကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာက လာမည့် ၂၀၂၅ ခုနှစ် မတ် ၃၁ရက်မှာ သက်တမ်းကုန်ဆုံးမှာဖြစ်ပြီး အဆိုပါစာချုပ်မှာ မတ်ပဲတန်ချိန် ၂ ဒသမ ၅သိန်းသာ ဝယ်ယူဖို့ချုပ်ဆိုထားခြင်းဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ အသစ်ထပ်ချုပ်မည့် MOU မှာတော့ အိန္ဒိယက မြန်မာမတ်ပဲကို တန်ချိန် ၂ ဒသမ ၅ သိန်းထပ်မံတိုးပြီး ဝယ်ယူမှာဖြစ်သောကြောင့် တန်ချိန် ၅ သိန်းအထိ အခွန်ကင်းလွတ် ဖြင့် တင်ပို့ခွင့်ရရှိမှာ ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ လူဦးရေများပြားမှုနှင့်အတူ မတ်ပဲနဲ့ ပဲစင်းငုံစိုက်ပျိုးမှုလျော့ကျသောကြောင့် စားနပ်ရိက္ခာလိုအပ်ချက်များသည့်အတွက် မြန်မာနိုင်ငံကနေ မတ်ပဲကို တန်ချိန် တိုးမြှင့်ဝယ်ယူလာခြင်းဖြစ်သည်။

"အိန္ဒိယမှာ ယခုနှစ်လည်း ရေတွေကြီးလို့ ပဲစိုက်ခင်းတွေ ပျက်စီးမှုများတော့ မြန်မာကနေ တန်ချိန်တိုးဝယ်တဲ့သဘောပါ။ သူတို့ရဲ့ စားနပ်ရိက္ခာလိုအပ်ချက်အရ လိုအပ်လာရင် ဈေးကိုမြှင့်ပြီးတောင် တိုးဝယ်တတ်တယ်။ လိုအပ်ချက်ပြည့်သွားရင်လည်း ဈေးကိုချပြီး အဝယ်ရပ်တဲ့အကျင့်ရှိတယ်။ စာချုပ်ကတော့ ထပ်မချုပ်ရသေးပေမယ့် ဝယ်မယ့်ပမာဏတိုးတာတော့ အတည်ပြုပြီးပြီ" ဟု ပို့ကုန်ပဲကုန်သည်တစ်ဦးကပြောသည်။

ယခုလို မတ်ပဲကို တန်ချိန် သိန်းဂဏန်းအထိ ထပ်တိုးဝယ်ယူမယ့်အခြေအနေကြောင့် လာမည့်နှစ် မတ်ပဲအသစ်တွေပေါ်လျှင် မတ်ပဲဈေးကွက်က လက်ရှိ ဈေးနှုန်းထက်ကျဆင်းသွားနိုင်သော အခြေအနေမရှိကြောင်း ကုန်သည်တွေက သုံးသပ်ထားသည်။

လက်ရှိမှာ မတ်ပဲဈေးက ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ မတ်ပဲ FAQ တစ်တန်ကို ငွေကျပ် ၃၈၀၀၀၀၀ ရှိပြီး နယ်ကုန်စည်ဒိုင်တွေမှာ ပိဿာ ၂၀ တစ်တင်းကို ငွေကျပ် ၁၂၃၅၀၀ ဈေးတန်းရှိနေသည်။

"မတ်ပဲက သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၁၂၀၀၀၀ အောက်တော့ မကျနိုင်ဘူး။ ယခု လက်ကျန်လည်း နည်းသလောက်ဖြစ်နေပြီ။ တောင်သူကြီးတွေနဲ့ သိုလှောင်သူတွေ လက်ထဲရှိမယ်။ မျိုးရောင်းတာရှိမယ်။ အဝယ်ကတော့ရှိတယ်။ အခု သီတင်းကျွတ်အပြီး နည်းနည်းပြန်တက်လာတယ်" ဟု ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

လက်ရှိမှာ ယာမြေသမားတွေက မတ်ပဲတွေစတင် စိုက်နေသလို မိုးစပါးအခင်းပျက်စီးသွားသည့် လယ်တွေနှင့် စပါးရိတ်သိမ်းပြီး တောင်သူတွေလည်း မတ်ပဲတွေ စတင်စိုက်ပျိုးနေကြပြီဖြစ်သည်။

လက်ရှိမှာ အိန္ဒိယ-မြန်မာ ကုန်သွယ်ရေးကဏ္ဍ ငွေပေးချေမှုစနစ်ကို အမေရိကန်ဒေါ်လာအပြင် ရူပီးတိုက်ရိုက်ပေးချေနိုင်ကြောင်း စီးပွားကူးသန်းက အသိပေးထားသည်။

မြန်မာ့မတ်ပဲကို အိန္ဒိယနိုင်ငံကသာ အဓိက ဝယ်ယူပြီး တင်ပို့ရတာဖြစ်ကြောင်း၊မတ်ပဲဈေးအတက်အကျမှာ အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားနှင့် နိုင်ငံခြားငွေကြေးဈေးကွက် အတက်အကျပေါ်လည်း မူတည်ကြောင်း သိရသည်။




(ဝဲပုံ)

ရွှေမန်း



## မတ်ပဲ၊ ပဲတီစိမ်းနှင့် ချည်မျှင်ရှည်ဝါပန်းတိုင်အထွက်နှုန်းရရှိရေး သွင်းအားစုပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးသော သီးနှံစိုက်ဧကများ အစားထိုးစိုက်ပျိုးနိုင်ရေး မတ်ပဲ၊ ပဲတီစိမ်းနှင့် ချည်မျှင်ရှည်ဝါသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး သွင်းအားစုပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်က စပါး၊ဆီထွက်သီးနှံနှင့် ချည်မျှင်ရှည်ဝါသီးနှံများ စိုက်ဧကတိုးချဲ့နိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များနှင့် သွင်းအားစုများ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း တောင်သူများအနေဖြင့် သီးနှံအထွက်နှုန်းတိုးပွားရေးဆောင်ရွက်သွားကြရန် အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်က ကျောက်ဆည်မြို့နယ်အတွင်း အဓိက ပန်းတိုင်သီးနှံ ၁၀မျိုး စိုက်ပျိုးထားပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျောက်ဆည်မြို့နယ်တွင် ကျေးရွာအုပ်စု ၅၉ အုပ်စု၌ စိုက်ပျိုးခဲ့သည့် မိုးသီးနှံ ၂၄၀၄၁ ဧက ထိခိုက်ခဲ့ပြီး ၁၆၃၈၄ ဧက ပျက်စီးခဲ့ကြောင်း၊ ပျက်စီးဧကများအား ပြန်လည်စိုက်ပျိုးနိုင်ရန် မြန်မာနိုင်ငံပဲမျိုးစုံ၊ မြေပဲ၊ နှမ်းကုန်သည်ကြီးများအသင်းမှ ကုမ္ပဏီများက ရေကြီးနစ်မြုပ်ခဲ့သည့် စိုက်ဧကများ ပြန်လည်စိုက်ပျိုးနိုင်ရေး မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်း၍ မတ်ပဲ၊ ပဲတီစိမ်းမျိုးစေ့များနှင့် ဝါသီးနှံများအတွက် ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများကို တစ်ဧကအထွက်နှုန်းတိုးရန်၊ ဝင်ငွေအကျိုးအမြတ်များရရှိစေရန် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး တောင်သူများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် နည်းပညာများကို တိကျစွာလိုက်နာ၍ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးစားဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးချစ်ဆွေဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများက ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သောသီးနှံစိုက်ဧကများ အစားထိုးစိုက်ပျိုးနိုင်ရေး မတ်ပဲ၊ ပဲတီစိမ်းမျိုးစေ့များနှင့် ချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိရေး သွင်းအားစုများကို မကျီးတောကျေးရွာ၊ ကြောင်ပန်းကုန်းကျေးရွာနှင့်ရဲဘော်ကြီးကျေးရွာများမှ တောင်သူများအား အခမဲ့ ပေးအပ်ခဲ့ရာ ရဲဘော်ကြီးကျေးရွာမှ တောင်သူဦးညွန့်ဝင်းက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(၄၈၅)

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်

**ညောင်ဦး အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီက မြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်းကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၃ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးမြို့၊ ပုဂံမြို့သစ်နှင့် ပုဂံမြို့ဟောင်းရှိ ဒေသခံပြည်သူများနှင့် ကျောင်းနေအရွယ်ကလေးများ၊ လမ်းသွားလမ်းလာပြည်သူများကို ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် စပ်လျဉ်း၍ လိုက်နာရမည့် တစ်ကိုယ်ရေကျန်းမာသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ရန်အချက်များ၊ မသန့်ရှင်းသောရေနှင့် အစားအစာများကို စားသောက်ခြင်းမှ ရှောင်ကြဉ်ရန်၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားလေ့ရှိသည့် အချိန်ကာလနှင့် ရောဂါလက္ခဏာများအကြောင်း၊ ရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများတွင် အချိန်မီ ဆေးဝါးကုသမှုများခံယူကြရန်စသည့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို ရပ်ကွက်၊ ကျေးရွာများအတွင်း လှည့်လည်ကာ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာနိုင်ရန်အတွက် ကျန်းမာရေးဆိုင်ရာ အသိပညာပေးကဏ္ဍများပါဝင်သော ဗီနိုင်းပိုစတာများကို လမ်းဆုံ၊ လမ်းခွ လူအများ မြင်သာသောနေရာများတွင် ချိတ်ဆွဲပြသခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၄၄၅)

## ကြက်ခြေနီတပ်ဖွဲ့ဝင်များ ရပ်ကွက်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်အတွင်းရှိ လူစည်ကားရာနေရာများ၊ အခွန်လွတ်ဈေးနှင့် ရပ်ကွက်များအတွင်းသို့ အောက်တိုဘာ ၂၈ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက် ကြက်ခြေနီတပ်ဖွဲ့မှ ကြက်ခြေနီစေတနာ့လုပ်အားရှင်များသည် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း ရှောင်ရန်၊ ဆောင်ရန်နှင့် သိကောင်းစရာ အကြောင်းအရာများ အသိပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်နှိုးဆော်ခဲ့ကြကြောင်း သိရသည်။



(ယာပုံ) (၀၄၅)

## ကြက်ခြေနီရွှေလျှား ဆေးကုသစခန်းဖွင့်လှစ်



**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီနယ်လှည့်ဆေးကုသရေးအဖွဲ့သည် တနင်္ဂနွေနေ့တိုင်း ရေဘေးသင့်ဒေသများသို့ ရွေ့လျား ဆေးကုသစခန်းဖွင့်လှစ်၍ ဒေသခံပြည်သူများအား ဆေးများကုသပေးလျက်ရှိရာ အောက်တိုဘာ ၂၇ရက်က မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊မြစ်သားမြို့နယ်၊ဘူတာရပ်ကွက်၊ဝန်ထမ်းကွက်သစ်ရှိ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သောနေရာများသို့ အထွေထွေရောဂါကုဆရာဝန်ကြီး ခြောက်ဦးဖြင့် သွားရောက်ကုသပေးခဲ့ရာ နာတာရှည်ရောဂါခံစားနေရသူ ၁၀ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ငါးဦး၊ သာမန်ဖျားနာသူ ၁၃၅ ဦး၊စုစုပေါင်း ၁၅၀ ဦးတို့ကို ဆေးကုသပေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင် ဦးဆောင်သော တိုင်းရုံးအဖွဲ့၊ ကျောက်ဆည်ခရိုင်ကြက်ခြေနီ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းပျို့ကြူ၊မြစ်သားမြို့နယ် ကြက်ခြေနီ တပ်ဖွဲ့မှူး ဦးအောင်ရဲကျော်တို့နှင့်အတူ မြို့နယ်ကြက်ခြေနီစေတနာ့လုပ်အားရှင်များက ကူညီဆောင်ရွက်ပြီး မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်းမှ ဆေးဝါးများ ပံ့ပိုးလှူဒါန်းပေးကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ဝ၄၅)

## မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအတွက် ၂၀၂၄ခုနှစ် မိုးရာသီသီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးခြင်းကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီက ထုတ်ချေးပေးခဲ့သည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးစန်းသော်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စုအလိုက် စပါး တစ်ဧကငွေကျပ် တစ်သိန်းငါးသောင်းနှုန်း၊ နှမ်းတစ်ဧက ငွေကျပ် တစ်သိန်းနှုန်းတို့ကို အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးမှာဖြစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ ၇ ရှိသည့် တောင်သူများကိုသာ ထုတ်ချေးပေးသွားမှာဖြစ်ကြောင်း၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးသောကျေးရွာတောင်သူများကို သီးနှံအာမခံထားရှိရေး၊စည်းရုံးရှင်းလင်းခြင်းနှင့် ကျေးရွာတောင်သူများကို ချေးငွေထုတ်ချေးသည့် စာချုပ်ပါ စည်းကမ်းချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ယခင်စိုက်ပျိုးစရိတ်ချေးငွေများ ပြေကျေစွာပေးဆပ်ပြီးသူများကို ထုတ်ချေးပေးခြင်းဖြစ်ပြီး ဥဘဏ်တောအင်းကျေးရွာအုပ်စုမှ တောင်သူ ၁၄၄ ဦး၏ စပါးသီးနှံ ဧက ၆၄ ဧက၊အခြားသီးနှံဧက ၉၃၃ ဧကအတွက် ချေးငွေကျပ် ၁၀၂၉ ဒသမ ဝဝ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

(အပေါ်ယာပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## စာပေနှင့်အနုပညာရှင်များ စုပေါင်းမဟာဘုံကထိန်တော်ကို ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေးမြို့တွင် နေထိုင်သည့် စာရေးဆရာ၊ သတင်းစာဆရာ၊ သတင်းထောက်၊ ကဗျာဆရာ၊ ကာတွန်းဆရာနှင့် စာပေချစ်မြတ်နိုးသူများ စုစည်းပြီး နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၃)ကြိမ်မြောက် မန္တလေးစာပေနှင့်အနုပညာရှင်များ စုပေါင်းမဟာဘုံကထိန်တော်ကို နိုဝင်ဘာလ ဒုတိယအပတ်တွင် ကျင်းပမည်ဖြစ်သည်။

နိုဝင်ဘာ ၁၀ရက်တွင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၄ လမ်း ၇၉လမ်းနှင့် လမ်း၈၀ကြား ရှိ ဥတ္တရလွင်ပြင်စာပေရှေ့တွင် ခင်းကျင်းမည်ဖြစ်ပြီး နိုဝင်ဘာ ၁၃ရက် နံနက် ၁၀ နာရီတွင် ပြင်ဦးလွင်မြို့နယ်၊ ပြင်စာလက်ပံကုန်းတောင်ရွာရှိ ဓမ္မရက္ခိတဝိဟာရစာကြည့်တိုက်ကျောင်းတိုက်တွင် ဘဒ္ဒန္တဓမ္မာနန္ဒ (ဝေမင်းအေး-လပွတ္တာ)အမှူးပြုသော ဆရာတော်သံဃာတော် ၁၁ ပါးအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ရေစက်ချလှူဒါန်းမည် ဖြစ်သည်။

ထို့အပြင် နိုဝင်ဘာ ၁၀ရက် မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၄လမ်း၊ ၇၉လမ်းနှင့် ၈၀လမ်းကြားရှိ ဥတ္တရလွင်ပြင်တွင် မြန်မာ့ရိုးရာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ရာ မန္တလေးစာပေနှင့်အနုပညာရှင်များ စုပေါင်းမဟာဘုံကထိန်တော်ဖြစ်မြောက်ရေးအတွက် ပါဝင်လှူဒါန်းနိုင်ကြောင်း ကထိန်တော်ဖြစ်မြောက်ရေးကော်မတီက နှိုးဆော်တိုက်တွန်းထားသည်။

**အောင်ကျော်ခ(မန္တလေး)**

*- *- *- *- *- *

## ပြည်တွင်းဝယ်ယူမှုများပြားခြင်းကြောင့် သကြားဈေးနှုန်းကောင်းများရရှိနေ

**မန္တလေး အောက်တိုဘာ ၂၉**



စားသောက်ကုန်လုပ်ငန်းများနှင့် ကုန်သည်များက ဝယ်ယူမှုများပြားနေခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း သကြားဈေးနှုန်းကောင်းများရရှိနေကြောင်း သကြားကုန်သည်များထံက သိရသည်။

သကြားကို ပြည်ပနိုင်ငံများသို့ တင်သွင်းမှုနည်းပါးသွားသော်လည်း ပြည်တွင်းဝယ်ယူမှုကောင်းမွန်နေခြင်းကြောင့် ယခုကဲ့သို့ ဈေးနှုန်းကောင်းများရရှိနေခြင်းဖြစ်သည်။

"ပြည်တွင်းစားသုံးမှုအတွက်ကတော့ လက်ရှိသကြား လုံလောက်မှုရှိပါတယ်။ ဒါပေမဲ့ ဝယ်ယူမှုကကောင်းနေတော့ ဈေးနှုန်းတွေက မကျဘဲ တက်နေတာဖြစ်ပါတယ်။သိသိသာသာ တက်ဖို့တော့မရှိပေမယ့် ကျဖို့ကတော့ သိပ်မဖြစ်နိုင်သေးဘူးထင်တယ်" ဟု သကြားကုန်သည်တစ်ဦးက ပြောသည်။

ဈေးကွက်အတွင်းတွင် သကြားလက်ကျန်နည်းပါးခြင်း၊ ပြည်ပနိုင်ငံများသို့ တင်ပို့မှုများပြားချိန်တွင် ဈေးနှုန်းမြင့်တက်လေ့ရှိကြောင်း၊ လက်ရှိသကြား တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀-၅၀၀၀ ဝန်းကျင် ဈေးနှုန်းရှိနေပြီး အရောင်းအဝယ်သွက်လက်လျက်ရှိကြောင်း ကုန်သည်များထံက သိရသည်။



မြန်မာနိုင်ငံအတွင်းတွင် သကြားစက်ရုံပေါင်း ၂၃ရုံ ရှိပြီး နှစ်စဉ် ထွက်ရှိသည့် သကြားတန်ချိန်မှာ ပျမ်းမျှလေးသိန်းခန့် ရှိကြောင်း၊ ကြံကြိတ်ခွဲရာသီအဖြစ် နှစ်စဉ် ဒီဇင်ဘာလတွင် စတင်လေ့ရှိပြီး ဧပြီလဆန်းပိုင်းတွင် ကြံကြိတ်ဝါးရာသီ ကုန်ဆုံးသည်။

ကြံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသတွင် အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်-၈)**

## ဗီယက်နမ်နိုင်ငံအနေဖြင့် ကော်ဖီတင်ပို့မှုသည် ဒေါ်လာ ၅ဘီလီယံကျော်ရှိလာ

ဗီယက်နမ်နိုင်ငံအနေဖြင့် ကမ္ဘာ့ကော်ဖီဈေးကွက်သို့ ကော်ဖီတင်ပို့မှုသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ကြာမြင့်ခဲ့သော ၂၀၂၃-၂၀၂၄ သီးနှံနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ၅ဘီလီယံ ကျော်လွန်သွားခဲ့သည်။

ဗီယက်နမ်ကော်ဖီနှင့် ကိုကိုးအသင်း(VICOFA) ဥက္ကဋ္ဌ Nguyeh Nam Hai သည် ၂၀၂၃-၂၀၂၄ ခုနှစ် သီးနှံနှစ်တွင် ကော်ဖီတန်ချိန် ၁ ဒသမ ၄၆ သန်းခန့် တင်ပို့ခဲ့ပြီး ၂၀၂၂-၂၀၂၃ သီးနှံနှစ်နှင့် နှိုင်းယှဉ်ပါက ၁၂ ဒသမ ၁ ရာခိုင်နှုန်းလျော့နည်းသွားသည်။ ပမာဏ လျော့ကျသွားသော်လည်း ပို့ကုန်တန်ဖိုးသည် ၃၃ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၃ဘီလီယံအထိ ရောက်ရှိခဲ့ကာ ကော်ဖီရာသီတွင် အမြင့်ဆုံးအဆင့်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ အကောက်ခွန်ဦးစီးဌာန၏အဆိုအရ စက်တင်ဘာလတစ်လတည်းတွင် ဗီယက်နမ်ကော်ဖီတစ်တန်လျှင် ပျမ်းမျှ တင်ပို့သည့်ဈေးနှုန်းမှာ ၅ ဒသမ ၄၆၉ ဒေါ်လာရှိပြီး ယခင်လထက် ၅ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၂၀၂၃ခုနှစ် စက်တင်ဘာလထက် ၆၈ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

၂၀၂၄ သီးနှံနှစ်တွင် ပျမ်းမျှပို့ကုန်ဈေးမှာ တစ်တန်လျှင် ၃၆၇၃ ဒေါ်လာဖြစ်ပြီး ယခင်နှစ်ထက် ၅၀ ရာခိုင်နှုန်း နီးပါးမြင့်တက်လာသည်။ထိုသို့သော ဈေးနှုန်းဖြင့် ကော်ဖီသည် ဗီယက်နမ်၏ အဓိကစိုက်ပျိုးရေးပို့ကုန်များကြားတွင် ဈေးနှုန်းအမြင့်မားဆုံး တင်ပို့သည့် ထုတ်ကုန်ဖြစ်လာခဲ့သည်။

ဥရောပသမဂ္ဂ(EU) သည် ၂၀၂၃-၂၀၂၄ ခုနှစ်သီးနှံနှစ်တွင် ဗီယက်နမ်၏ အကြီးဆုံး ကော်ဖီတင်ပို့သည့် ဈေးကွက်အဖြစ် ရပ်တည်ခဲ့ပြီး ပမာဏမှာ ၈ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း တန်ဖိုး ၄၁ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ဂျာမနီ၊ အီတလီနှင့် စပိန်တို့သည် လွန်ခဲ့သည့်ရာသီတွင် ဗီယက်နမ်၏ ထိပ်တန်းကော်ဖီတင်ပို့ရောင်းချသည့်ဈေးကွက်သုံးခုအဖြစ် ရပ်တည်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၀၇သန်း၊ အမေရိကန်ဒေါ်လာ ၄၁၇ သန်းနှင့် အမေရိကန်ဒေါ်လာ ၄၁၃ သန်း တို့ အသီးသီးရှိခဲ့ကြသည်။

၂၀၂၂-၂၀၂၃ ခုနှစ် သီးနှံနှစ်နှင့် နှိုင်းယှဉ်ပါက ဂျာမနီမှ ၃၇ ရာခိုင်နှုန်း၊ အီတလီမှ ၃၀ရာခိုင်နှုန်းနှင့် စပိန်မှ ၇၅ ရာခိုင်နှုန်း တိုးတက်မှုနှုန်းကို မြင်တွေ့ခဲ့ရသည်။ အခြားဈေးကွက်များဖြစ်သော ဂျပန် (၃၈ ရာခိုင်နှုန်းမြင့်တက်)နှင့် ရုရှား (၂၀ ရာခိုင်နှုန်းမြင့်တက်)တို့သည် ပမာဏကျဆင်းနေသော်လည်း ပို့ကုန်တန်ဖိုးမှာ အားကောင်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြည်ပကုန်သွယ်ရေး သသတင်းထုတ်ပြန်ချက်များအရ သိရသည်။

(အောက်ပုံ)

**ရွှေမန်း**



# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ




## အဝတ်အစားပုံစံအပေါ်မူတည်ပြီး ပြင်ဆင်သင့်တဲ့ ဆံပင်ပုံစံများ

အဝတ်အစားကို အပေါ်နဲ့အောက်လိုက်ဖက်ညီအောင် တွဲဖက်ဝတ်စားတတ်ရုံနဲ့ ပြီးပြည့်စုံတဲ့ ဖက်ရှင်မဖြစ်သေးပါဘူး။ ဒုတိယမျက်နှာဖြစ်တဲ့ ဆံပင်ပုံစံကလည်း အရမ်းအရေးကြီးတာကြောင့် အဝတ်အစားနဲ့ လိုက်ဖက်တဲ့ ဆံပင်ပုံစံကို ပြင်ဆင်တတ်မှသာ ဖက်ရှင်ကို ပိုကြွပြီး ပိုလှစေပါတယ်။

လည်ပင်းအဟိုက်အင်္ကျီကို ဝတ်မယ်ဆိုရင် ဆံပင်ကိုချထားတာက ပိုကြည့်ကောင်းပြီး၊ လည်ပင်းအပိတ်အင်္ကျီဝတ်ထားမယ်ဆိုရင် ဆံပင်ကို ခပ်မြင့်မြင့် စည်းထားတာက ပိုပြီးပေါ်လွင်စေပါတယ်။ ဘယ်လိုအင်္ကျီပုံစံမျိုးက ဘယ်လိုဆံပင်ပုံစံနဲ့လိုက်ဖက်သလဲဆိုတာ ပုံနှင့်တကွ ဖော်ပြပေးလိုက်ပါတယ်။

Daisy



## ရုံးတက်ရင်းဝတ်ဆင်နိုင်တဲ့ Jean Pant ဖက်ရှင်


Jean ဘောင်းဘီတွေကို Office Wear အနေနဲ့ဝတ်ဆင်ပြီး ဖက်ရှင်ကျကျ ဝတ်ဆင်လို့ ရပါတယ်။ ခုခေတ်စားနေတဲ့ Jean Pant အောက်ကား၊ တည့်ပွ ဒီဇိုင်းလေးတွေကို Shirt အင်္ကျီတွေနဲ့ တွဲဖက်ဝတ်ဆင်လိုက်ရုံနဲ့ လူငယ်ဆန်ပြီး သွက်လက်နုပျိုတဲ့ အသွင်အပြင်ကို ရရှိစေမယ့်အပြင် ထက်မြက်သန်မာတဲ့အသွင်ကို ဖြစ်စေပါတယ်။ တစ်ခုသတိထားရမှာက ရုံးတက်အဝတ်အစားအနေနဲ့ ဝတ်ဆင်တာဖြစ်တာကြောင့် ဂျင်းဘောင်းဘီကို အပေါက်အပြဲပါတာမျိုးတွေကိုတော့ ရှောင်ကြဉ်သင့်ပါတယ်။

Daisy

## မျက်နှာပုံစံအနေအထားအပေါ်မူတည်ပြီး ပါးနီလိမ်းခြယ်နည်း

နဂိုရှိပြီးသားအလှထက်ပိုပြီး ပေါ်လွင်လှပစေဖို့အတွက် မိတ်ကပ်လိမ်းကြတာဆိုပေမယ့် လိမ်းလိုက်တဲ့မိတ်ကပ်အပြင်အဆင်က ကိုယ့်မျက်နှာအသားအရေနဲ့မလိုက်ဖက်ဘူးဆိုရင် ပိုပြီးရုပ်ဆိုးသွားစေပါတယ်။ ကိုယ့်အသားအရောင်နဲ့လိုက်မယ့် မိတ်ကပ်ကိုရွေးချယ်တတ်ရုံနဲ့လည်း မရသေးပါဘူး။ ကိုယ့်ရဲ့မျက်နှာကျ အနေအထားက ဘယ်လိုပုံစံရှိသလဲဆိုတာကို သိထားဖို့လိုအပ်ပြီး ကိုယ့်မျက်နှာအနေအထားနဲ့ လိုက်ဖက်သင့်လျော်တဲ့ပုံစံကို လိမ်းခြယ်ရမှာ ဖြစ်ပါတယ်။

မိတ်ကပ်လိမ်းခြယ်ရတဲ့အဆင့်တွေထဲမှာ ပါးနီလိမ်းတဲ့အဆင့်ကလည်း အရေးကြီးပါတယ်။ ပါးနီလိမ်းတယ်ဆိုတာ Brush နဲ့ ပါးပေါ် ဒီအတိုင်း လိမ်းလိုက်ရုံလိမ်းရင်တော့ အရောင်အရမ်းရဲသွားတာမျိုးတွေ၊ ပါးတစ်ပြင်လုံးလိမ်းသလိုဖြစ်ပြီး စပ်ဖြဲဖြဲပုံစံဖြစ်သွားတတ်တာကြောင့် သတိထားဖို့ လိုအပ်ပါတယ်။ တကယ်လို့ မျက်နှာက လေးထောင့်ပုံစံဆိုရင် ပါးနီကို ပါးပြင်တည့်တည့်နေရာမှာ လိမ်းပေးရပါမယ်။ မျက်နှာက တြိဂံပုံစံမျိုးဆိုရင်တော့ ပါးရိုးတစ်လျှောက်ကနေ ခပ်စောင်းစောင်း အနေအထားလိမ်းပေးပါ။




မျက်နှာက ဘဲဥပုံစံမျိုးဆိုရင်တော့ ပါးပြင်အလယ်ကနေ ပါးရိုးအထိ ခပ်ပြေပြေ အနေအထားလေး လိမ်းပေးပါ။ မျက်နှာက ဝိုင်းတယ်ဆိုရင် ပါးပြင်အလယ်နေရာကနေ အနောက်ထိခြယ်ပါ။ အသည်းပုံမျက်နှာဆိုရင် ပါးပြင်အလယ်တည့်တည့်မှာ ခပ်ပါးပါးလိမ်းပေးပြီး မျက်နှာရှည်တဲ့သူဆိုရင်တော့ ပါးပြင်အလယ်ကနေ ခပ်ကျယ်ကျယ်လေး ခြယ်သပေးရမှာ ဖြစ်ပါတယ်။

Daisy



## အသားအရေလှပစေဖို့ အဓိကအစားအစာများ

အသားအရေလှပဖို့အတွက် Skincare တွေ အသုံးပြုနေရုံနဲ့ မရပါဘူး။ အစားအသောက်၊ နေထိုင်မှုပုံစံနဲ့ ကျန်းမာရေးအခြေအနေအလိုက် စနစ်ကျ မှန်ကန်မှုအပေါ်လည်း မူတည်ပါတယ်။

အသားအရေလှပချင်တယ်ဆိုရင်တော့ အခုပြောပြမယ့် အစားအစာတွေကတော့ မဖြစ်မနေ စားသုံးပေးသင့်ပါတယ်။

**၁။ ငါး**

တိရစ္ဆာန်ကထွက်တဲ့ အဆီ (ဥပမာ- ထောပတ်၊ အသားကထွက်တဲ့အဆီ)များဟာ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် မကောင်းပေမယ့် ငါးကြီးတွေမှာပါတဲ့ Omega 3 Fatty Acid ကတော့ ကျန်းမာရေးအတွက် ကောင်းကျိုးတွေရှိပါတယ်။ Omega 3 ဟာ ရောင်ရမ်းမှုကိုလျော့ကျစေတယ်။ ဝက်ခြံကို သက်သာစေတယ်။ နေရောင်ခြည်ဒဏ်ခံနိုင်တယ်။ Antioxidant ပါလို့ အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးတယ်။

**၂။ ထောပတ်သီး**

ဗီတာမင် E နဲ့ Antioxidant ပါလို့ အရွယ်တင်နုပျိုစေတယ်။ အမျှင်ဓာတ်ပါလို့ အဆီကျ၊ အသားလှစေတယ်။

**၃။ သစ်ကြားသီး**

တခြားအခွံမာသီးများထက် သစ်ကြားသီးမှာ Omega 6, Omega 3 စတဲ့ Essential Fatty Acid တွေ များစွာပါဝင်တယ်။ အရေပြားရောင်ရမ်းတာတွေကို သက်သာစေတယ်။

**၄။ ပန်းမုန်လာစိမ်း (Broccoli)**

Sulforaphane ဆိုတဲ့ ဓာတ်တစ်မျိုးပါဝင်တဲ့အတွက် အရေပြားကင်ဆာအပြင် တခြားကင်ဆာများစွာကိုလည်း ကာကွယ်ပေးတယ်။ နေလောင်ခြင်းကိုလည်း ကာကွယ်ပေးတယ်။

**၅။ ခရမ်းချဉ်သီး**

ဗီတာမင်စီဓာတ်ပါဝင်တဲ့အတွက် မျက်နှာအရေးအကြောင်းတွေကို လျော့နည်းစေလို့ အရွယ်တင်စေတယ်။

Daisy

## ဆံပင်ပြန်ပေါက်စေတဲ့ Rosemary Oil

ဆံပင်ကျွတ်တာဟာ ဘယ်လောက်ထိ စိတ်ပျက်စရာကောင်းသလဲဆိုတာကို အလှအပ ချစ်မြတ်နိုးသူတိုင်း သိကြမှာပါ။ ဆံပင်ကျွတ်တာ သက်သာစေဖို့နဲ့ ဆံပင်တွေ ပြန်ပေါက်စေဖို့အတွက် ဆံပင်အားဖြည့်ပစ္စည်းမျိုးစုံရှိပါတယ်။ အဲဒီထဲမှာမှ ခုတလော အင်တာနက်အသုံးပြုသူတွေကြားထဲမှာ နာမည်ကြီးနေတဲ့ပစ္စည်းကတော့ Rosemary Oil (သို့) Rosemary Water ပါပဲ။ Rosemary Oil တွေက ဆံသားပြန်လည်ကောင်းမွန်ဖို့ အရမ်းကောင်းတဲ့ပစ္စည်း ဖြစ်သလို ဈေးနှုန်းအားဖြင့်လည်း မြင့်မားပါတယ်။ ဒါကြောင့် Rosemary Oil ကို ကိုယ်တိုင်အလွယ်တကူပြုလုပ်အသုံးပြုနိုင်ဖို့အတွက် ပြုလုပ်နည်းကို မျှဝေပေးလိုက်ပါတယ်။ လိုအပ်တာတွေကတော့ Rosemary အရွက်၊ အုန်းဆီ(သို့) သံလွင်ဆီ(သို့) Jojoba Oil ပဲဖြစ်ပါတယ်။ အိုးတစ်ခုထဲမှာ ဆီနဲ့ Rosemary အရွက်အနည်းငယ်ထည့်ပြီး မီးအေးအေးနဲ့ ၁၅ မိနစ်ခန့် ကျိုလိုက်ပါ။ ပြီးရင် အအေးခံပြီး အသုံးပြုနိုင်ပါပြီ။ အသုံးပြုပုံကတော့ ခေါင်းမလျှော်မီ တစ်နာရီအလိုကတည်းက ဦးရေပြားတစ်ပြင်လုံး ဆီကို နှံ့စပ်အောင်လိမ်းပြီး ဆံသားကို နှပ်ထားပါ။ အချိန်ပြည့်ပြီဆိုရင်တော့ ခေါင်းလျှော်လိုက်ပါ။ ခေါင်းလျှော်တဲ့အခါတိုင်း ပုံမှန်လုပ်ပေးမယ်ဆိုရင် ဆံပင်ကျွတ်တာသက်သာပြီး ဆံပင်အသစ်တွေ အများကြီးပေါက်လာစေမှာပါ။

Daisy



# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲဆောင်ရွက်



**နတ်မောက် အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။ **(အပေါ်ယာပုံ)**

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒေါ်ဝင်းမေထွန်း(စာထောက်-၃)က ကလေးအလုပ်သမား ဖြစ်ရခြင်းအကြောင်းအရင်းများ၊ ကလေးများအား ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှု၊ ကလေးများကို အန္တရာယ်ရှိစေနိုင်သည့်အလုပ်ပြင်းထန်ပြီး ထိခိုက်ဒဏ်ရာရစေသည့်အလုပ်ဖိစီးမှုများသည့် အလုပ်ပင်ပန်းကြီးစွာ လုပ်ရသောအလုပ်များကို ခိုင်းစေမှုမပြုရကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ကလေးအလုပ်သမားလျော့နည်းစေရန် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများစသည့် ကလေးအလုပ်သမား ပပျောက်ရေး ဆိုင်ရာတို့ကို အသိပညာပေးဟောပြောခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **(၄၆၅)**

# သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ကြဲပက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ



**ပျော်ဘွယ် အောက်တိုဘာ ၂၉**

ပျော်ဘွယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဆောင်းနေကြာပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်(၁၅၀)ဧက အတွက် မျိုးစေ့သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းနှင့် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ကြဲပက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၂၉ရက်၊ နံနက် ၉နာရီက ဘုရားကြီးကျေးရွာအုပ်စု၊ ချင်းယားကုန်းကျေးရွာတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးဦးမျိုးညိမ်းဇော်က စိုက်ပျိုးရမည့်နည်းစနစ်များကို ဆွေးနွေးပြောကြားပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများက မျိုးစေ့နှင့် သွင်းအားစုများကို နေကြာစိုက်တောင်သူများထံသို့ ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်ခဲ့သည့် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ကြဲပက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို အဆိုပါကျေးရွာ တောင်သူဦးမောင်မြင့် ပိုင်ဆိုင်သည့်လယ်မြေတွင် ကျင်းပရာ တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် တောင်သူများက လက်တွေ့ကြဲပက်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆောင်းနေကြာပန်းတိုင် အထွက်နှုန်းရရှိရေးစံပြကွက် ၁၅၀ဧကအတွက် တစ်ဧကလျှင် မျိုးစေ့(၄)ပြည်နှင့် လိုအပ်မည့် သွင်းအားစုများ၊သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ၁၀ဧကအတွက် တစ်ဧကလျှင် မျိုးစေ့ ၈ပြည်နှုန်းကို အခမဲ့ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# ပန်းချီဆရာ တင်လွင်ဦး၏ Inspiring တစ်ကိုယ်တော်ပန်းချီပြပွဲကို မန္တလေးမြို့တွင် ပြသနေ

**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂အေလမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြားရှိ ပရိတ္တဝါ အနုပညာပြခန်းတွင် ပန်းချီဆရာ တင်လွင်ဦး၏ " Inspiring " First Solo Exibition အတုယူစရာအမည်ရှိ တစ်ကိုယ်တော်ပန်းချီပြပွဲကို အောက်တိုဘာ ၂၆ ရက်မှ ၃၀ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသလျက်ရှိသည်။

" Inspiring " First Solo Exibition သည် ပန်းချီဆရာတင်လွင်ဦး၏ ပထမအကြိမ်တစ်ကိုယ်တော် ပန်းချီပြပွဲဖြစ်ပြီး ဆီဆေးနှင့် အခရီလစ်ဆေးပန်းချီ အမျိုးအစား အများဆုံးပြသထားသည်။

အဆိုပါ ပန်းချီပြပွဲတွင် ဆီဆေးနှင့် အခရီလစ်ဆေးပန်းချီကား ၃၂ ကား ပြသထားပြီး ပန်းချီကားတစ်ကားလျှင် အနည်းဆုံး ၂သိန်းခွဲကျပ် မှ ၉သိန်းကျပ်ထိ ဈေးသတ်မှတ်ထားသည်။

ပန်းချီဆရာ တင်လွင်ဦး၏ Inspiring တစ်ကိုယ်တော်ပန်းချီပြပွဲကို အောက်တိုဘာ ၃၀ရက်နေ့ထိ ကျင်းပမည်ဖြစ်ရာမည်သူမဆို လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**အောင်ကျော်ခ(မန္တလေး)**

*- *- *- *- *

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## ထမ်းမည့်တာဝန် ကျေပွန်ပြုတည်အံ့

* ကြည်သာအေးချမ်း
ဘေးမသမ်းနဲ့
ဝန်ထမ်းကိုယ့်တာ
လုံကြပါမူ
တို့မြို့ရွာဟူ ဖွံ့မည်ထု၏ ။

* အလုပ်ရှိက တာဝန်မျှကို
ပြုကြစေတနာ
စိတ်ရင်းသာ၍
မကွာပြည်သူ
စောင့်ရှောက်ထူက
ကြည်ဖြူအေးချမ်း လှရိပ်သန်း၏ ။

* ဘယ်သူမပြု မိမိမှုမို့
ပြုလာကောင်းကျိုး
ဆတိုးလို့သာ
ပျိုးပါလူထု ကူညီမှုဖြင့်
သင့်စွနလုံး မေတ္တာသုံးကာ
သွယ်ကုံးအလှ ပန်ဆင်ကြဟူ
ဆန္ဒကူ ကူပါ၏ ။ ။

**ရေချမ်း(မန်း)**



# Ballon d'Or ဆုပေးပွဲမှ အကောင်းဆုံးအသင်းနှင့် အကောင်းဆုံး ဆုရရှိခဲ့သူများ

**လန်ဒန် အောက်တိုဘာ ၂၉**

၂၀၂၄ ခုနှစ်အတွက် Ballon d'or ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ညက ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ အကောင်းဆုံးအသင်းနှင့် အကောင်းဆုံး ဆုရရှိခဲ့ကြသူများ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

၂၀၂၄ခုနှစ် Ballon d'or ဆုပေးပွဲအခမ်းအနားတွင် အ ကောင်းဆုံး ကစားသမားဆု Ballon d'or ကို မန်ချက်စတားစီးတီးအသင်းနှင့် စပိန်ကွင်းလယ်ကစားသမား ရိုဒရီက ဆွတ်ခူးခဲ့သလို၊ အကောင်းဆုံး အမျိုးသမီးဆုကို ဘာစီလိုနာနှင့် စပိန်ကွင်းလယ်ကစားသမား ဘွန်မာတီတို့က အသီးသီးဆွတ်ခူးခဲ့သည်။

ဆက်လက်၍ အကောင်းဆုံး အမျိုးသားနည်းပြဆုကို ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီကလည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးနည်းပြဆုကို အိုလံပစ်ရွှေတံဆိပ်ရယူပေးသည့် အမေရိကန်အမျိုးသမီးအသင်းနည်းပြ အမ်မာဟေးစ်တို့က ဆွတ်ခူးခဲ့သည်။

Ballon d'or ဆုပေးပွဲ အခမ်းအနားတွင် လူငယ်ကစားသမားများအား ရွေးချယ်ချီးမြှင့်သည့် အကောင်းဆုံး လူငယ်ကစားသမားဆုကို ဘာစီလိုနာအသင်းနှင့် စပိန်တိုက်စစ်မှူး ယာမယ်လ်က ဆွတ်ခူးနိုင်ခဲ့သည်။

အကောင်းဆုံး ဂိုးသမားဆုကို အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့် အက်စတွန်ဗီလာအသင်း ဂိုးသမား မာတီနက်ဇ်က ၂နှစ်ဆက် ဆွတ်ခူးခဲ့သည်။

တိုက်စစ်မှူးဆု ရွေးချယ်မှုတွင်လည်း အကောင်းဆုံး တိုက်စစ်မှူးဆုကို ဘိုင်ယန်မြူးနစ်အသင်းနှင့် အင်္ဂလန်လက်ရွေးစင်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ပြင်သစ်လက်ရွေးစင်အသင်း တိုက်စစ်မှူး ဘာပေတို့ အသီးသီး ဆွတ်ခူးခဲ့ပြန်သည်။

ထို့နောက် ၂၀၂၄ခုနှစ်အတွက် Ballon d'or ဆုပေးပွဲ အခမ်းအနားတွင် အကောင်းဆုံး အမျိုးသားကလပ်အသင်းဆုကို ပြီးခဲ့သည့် ဘောလုံးရာသီက ချန်ပီယံလိဂ်ဖလား၊စပိန်လာလီဂါချန်ပီယံဆု၊စပိန်စူပါဖလားတို့ ဆွတ်ခူးခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းကလည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးကလပ်အသင်းဆုကို ဘာစီလိုနာအမျိုးသမီးအသင်းတို့ကလည်းကောင်း အသီးသီး ဆွတ်ခူးခဲ့ကြသည်။

၂၀၂၄ ခုနှစ်အတွက် Ballon d'or ဆုပေးပွဲ အခမ်းအနား အကောင်းဆုံး အမျိုးသားဆုနှင့် အမျိုးသမီးဆု နှစ်ခုစလုံးကို စပိန်ကစားသမားများကသာ ဆွတ်ခူးခဲ့ပြီး ထူးထူးခြားခြား စပိန်တွေ ကြီးစိုးသည့် နှစ်တစ်နှစ်လည်းဖြစ်ခဲ့သည်။ **နိုင်ကမ္ဘာ**



## သတင်းပဒေသာ

### စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း စက်ချုပ်နည်းပညာသင်တန်း(မွမ်းမံ) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

ရှမ်းပြည်နယ် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းနှင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(တောင်ကြီး)ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ဆေးဝါးအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

မင်းလှမြို့နယ်အတွင်း ဆေးဝါးနှင့်ဆေးပစ္စည်းများ ဈေးကွက်စောင့်ကြည့်စစ်ဆေးကြပ်မတ်ရေးအတွက် ဆေးဝါးအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က ပူးပေါင်းအဖွဲ့များက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဆရာဝန်ကြီး ဒေါက်တာလှဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စားသုံးရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့မရဲစခန်းမှရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆေးဆိုင်များအတွင်း သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်းရှိ မရှိ ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး

သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ထိရောက်လျင်မြန်စွာ ကယ်ဆယ်နိုင်ရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းကျော် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၁၀ နာရီခွဲခန့်က အခြေခံပညာအထက်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်ခြင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့်လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ် (၃/၂၀၂၄-၂၀၂၅) သင်တန်းဆင်းပွဲကို ယမန်နေ့ ညနေ ၃ နာရီက ဟုမ္မလင်းမြို့နယ်၊ ကက်သာစံပြကျေးရွာ ဇီဝမာန်ရဲပြေဘုန်းတော်ကြီးကျောင်း၊ သမဏသုခကာရီ ဆွမ်းစားကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မိတ္ထီလာခရိုင်အဆင့်ဌာနဆိုင်ရာများ၏ စုပေါင်းဆွမ်းလောင်းလှူဒါန်းပွဲ ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ ခရိုင်အဆင့်ဌာနဆိုင်ရာများ၏ ပါဝင်လှူဒါန်းမှုဖြင့် မြို့လုံးကျွတ်သံဃာတော်များအား ဆွမ်းလောင်းလှူပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၅ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းနေရာတွင် ကျင်းပခဲ့သည်။



အဆိုပါ ဆွမ်းလောင်းလှူပွဲတွင် မြို့တွင်းရှိကျောင်းတိုက်များမှ သံဃာတော် ၅၆၈ ပါးတို့အား ဆွမ်းနှင့် ဆွမ်းဟင်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်သင်းသင်းခိုင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက လောင်းလှူခဲ့ကြပြီး ပင့်သံဃာတော်များထံမှ ဆွမ်းရေစက်ချတရားတော်များကို စုပေါင်းနာယူခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(၄၅၃)

## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများက အလှူငွေ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များ စဉ်ဆက်မပြတ်ထောက်ပံ့လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း ကျန်းမာရေးငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ပြည်ကြီးတံခွန်မြို့နယ်ရှိ ဝေပုလ္လသျှမ်းကျောင်း ရတနာဆောင်တွင် ကျင်းပရာ ချမ်းမြသာစည်မြို့နယ်နေ ပါမောက္ခချုပ်(ငြိမ်း)ဒေါက်တာသီတာဝင်းက ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယကဦးတင်မောင်၊ ဘဏ္ဍာရေးမှူးဦးစိုးလွင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။ အလှူရှင်မိသားစုသည် မန္တလေးတက္ကသိုလ်ဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီသို့ ဆဋ္ဌမအကြိမ်လှူဒါန်းခြင်းဖြစ်ပြီး စုစုပေါင်းငွေပဒေသာပင် ငွေကျပ် ၁၀ သိန်း လှူဒါန်းပြီးဖြစ်သည်။ **(အောက်ပုံ)**

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့် ၂၃-၅-၂၀၂၃မှစ၍ ၂၀၂၄ ခုနှစ်အောက်တိုဘာ ၂၂ရက်ထိ ဆရာ၊ ဆရာမကြီး စုစုပေါင်း ၃၁၉ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြုငွေကျပ်သိန်း ၅၅၀ ပေးအပ်နိုင်ခဲ့ပြီး ဘဏ်တွင် ငွေကျပ်သိန်း ၂၈၀၀ ကျော်စုဆောင်းထားရှိကြောင်း သိရသည်။

(ဝ၄၅)





## ပရိယတ္တိသာသနဟိတအသင်း အကြိမ်(၅၀)မြောက် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေး၊ချမ်းအေးသာစံမြို့နယ်၊ ၈၅လမ်း၊ ၃၄လမ်းနှင့် ၃၅ လမ်းကြားရှိ ပရိယတ္တိသာသနဟိတအသင်းအကြိမ်(၅၀)မြောက် အသက်(၇၅)နှစ်နှင့် အထက် အသင်းအမှုဆောင်ကြီးများအား သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၁၀ နာရီက အဆိုပါ အသင်းအစည်းအဝေးခန်းမတွင်ကျင်းပရာ ကန်တော့ခံ အသင်းအမှုဆောင်ကြီး(၁၅)ဦး၊ အသင်းဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကန်တော့ခံ အသင်းအမှုဆောင်ကြီးများအား အသင်းဒုတိယဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များက ကန်တော့ကြပြီး ကန်တော့ပစ္စည်းများ ပေးအပ်ကြရာ ကန်တော့ခံအသင်းအမှုဆောင်ကြီးတစ်ဦးက ဆုပေးစကားပြောကြားခဲ့သည်။

သက်ကြီးပူဇော်ပွဲအခမ်းအနားတွင် ဦးစန်းဝင်း+ဒေါ်အေးစန်းမြင့် မိသားစုမှ သာမဏေစာအောင်ဆုပဒေသာပင်အတွက် အလှူငွေကျပ် ၃သိန်းလှူဒါန်းပြီး ပူဇော်ပွဲသို့ တက်ရောက်လာသောပရိသတ်များအား ရွှေညောင်ပင်ခေါက်ဆွဲမိသားစုမှ ဆီချက်၊ ဆန်ပြားခေါက်ဆွဲတို့ဖြင့် ဧည့်ခံကျွေးမွေးကုသိုလ်ယူခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်ပြည်သူ(မန္တလေး)**

## ကချင်ပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တွေ့ဆုံပွဲပြုလုပ် တူညီဝတ်စုံများ ထောက်ပံ့

**မြစ်ကြီးနား အောက်တိုဘာ ၂၉**

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ် မီးသတ်ဦးစီးဌာနရုံးတွင် အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက ပြည်နယ်၊ ခရိုင်၊ မြို့နယ်တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များ တွေ့ဆုံဆွေးနွေးခြင်း၊ တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံထောက်ပံ့ပေးအပ်ပွဲအခမ်းအနားပြုလုပ်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးသန်းဇော်ဦးမှ မီးသတ်ဦးစီးဌာန၏ ရှေ့လုပ်ငန်းစဉ်များနှင့် မီးဘေးလုံခြုံရေး ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းကိစ္စရပ်များအတွက် တွေ့ဆုံဆွေးနွေးပြောကြားခဲ့ပြီး တပ်ဖွဲ့ဝင်(အမျိုးသား)များအား တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၅၇)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



# တာဝန်ထမ်းဆောင်ကြသည့် ဆိုရာဝယ်

(၂၄-၁၀-၂၀၂၄)ရက်၊ စာမျက်နှာ(၁၇)မှအဆက်

ညနေလည်း စောင်းပြီ။ ဦးလေးအိမ်သို့ ပြန်သည်။ ဒေါ်လေးနှင့် ညီ၊ ညီမလေးများလည်း ကျောင်းမှပြန်လာပြီဖြစ်၍ လူစုံနေပြီ။ မောင်နှမ တစ်တွေ စကားပြောကြသည်။ ထမင်းစားပြီး မိုးချုပ်မှ ပြန်စေချင်ကြသည်။ ထမင်းမစားတော့ဘဲ အိမ်သို့ပြန်လာခဲ့သည်။ မိမိပြန်ရောက်စဉ်အချိန်က နေမကောင်းသောဖခင်သည် သစ်ပင်တက်၍ ပိန္နဲသီးချနေသည်။ ကွမ်းယာကြိုက်သောကျွန်တော့်အတွက် ကွမ်းပင်တက်၍ ကွမ်းသီးခူးနေလျှင် အခက်၊ လယ်သမား၊ ခြံသမားအတတ်၊ တောအလုပ် တောင်အလုပ်အတတ်၊ စက်မှုလက်မှုအတတ်၊ ဘာသာရေးအတတ်အပြင် ဂျပန်ဘာသာစကားလည်း တတ်သည်။ အင်္ဂလိပ်ဘာသာကိုလည်း နားလည်သည်။ ဘုန်းကြီးကျောင်းသားဘဝက သေချာစွာသင်ခဲ့ရ၍ ပါဠိစာပေအပြင် ဗေဒင်၊ မန္တယားအတတ်များပါ တတ်သူဖြစ်သည်။ အင်ဂျင်နီယာစစ်သည်ဖြစ်သော်လည်း ခြေလျင်တပ်များတွင် လှည့်လည်တာဝန်ကျသည်မှာ နှစ်ပေါင်း ၂၀မက။ ဖခင်သွား၍ ကျွန်တော်တို့လည်း ပါခဲ့သည်။ မက္ကင်းနစ်ပညာကို သိလိုတတ်လို၍ ဖခင်လုပ်ငန်းတွင်ကြည့်လျှင် အကြည့်မခံ။ အချိန်တန်လျှင် သင်ပေးမည်။ စာကြိုးစားရန်သာ ပြောသည်။ ကျောင်းပိတ်ရက်တွင် ကာကွယ်ရေးဝန်ထမ်း(အကူ)အဖြစ် ဝပ်ရှော့ဝင်လျှင်လည်း အခြားဌာနများတွင်သာ လုပ်စေသည်။ ဖခင်၏ လက်အောက်တွင် မထား။ ထို့ကြောင့် တပ်နှင့်ဆိုင်သော စက်မှုလက်မှုလုပ်ငန်းများတွင် ဟိုနေရာစပ်စပ်၊ သည်နေရာ စပ်စပ်ဖြင့် လုပ်ကိုင်ဗဟုသုတရခဲ့သည်။

ညနေပိုင်း အိမ်နောက်ဘက် ထန်းလက်များ မိုးထားသော ကွပ်ပျစ်တွင် လူကြီးများ စကားဝိုင်းဖွဲ့၍ ပြောလေ့ရှိသည်။ မည်သည့် တပ်၊ ဒေသ ရောက်ရောက် ဖခင်ထံသို့ ဗဟုသုတ ဖလှယ်ရန် လာရောက်ကြသူများဖြင့် စည်ကားနေလေ့ရှိသည်။ ဖခင်တို့ ပြောစကားများကို ကွပ်ပျစ်အောက်တွင် ဖျာခင်း နားထောင်ရင်း အိပ်ပျော်ခဲ့သော ကလေးဘဝအချိန်များက တန်ဖိုးရှိလှသည်။ ဖခင်တို့ ပြောသမျှ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ စစ်ရေးတို့ကို ကလေးဘဝမှစ၍ နေ့စဉ်ကြားခဲ့ရသောကြောင့် စာအုပ်ဖတ်တတ်သောအရွယ်တွင် စာအုပ်ထဲမှ ဗဟုသုတများနှင့်ပေါင်းစပ်၍ သာမန်ရွယ်တူများထက် ထူးထူးခြားခြား ဗဟုသုတများခဲ့သည်။ အလယ်တန်း၊ အထက်တန်းတို့တွင် စာစီစာကုံးရေးရလျှင် အကြောင်းအရာစုံစွာ ရေးနိုင်သဖြင့် ဆရာများက သဘောကျခဲ့သည်။ ဖခင်ကြီး၏ စကားဝိုင်းမှ အတွေ့အကြုံနှင့် စာဖတ်ခြင်း အတွေ့အကြုံတို့သည် အင်အားကြီးမားလှသည်။ မြန်မာစာနှင့် ပါဠိဘာသာအခြေခံသည် ဖခင်ကြီးထံမှ ရရှိခဲ့ခြင်းဖြစ်သည်။ မှတ်မိသလောက်၊ မည်သည့် ဒေသ၊ မည်သည့်တပ်ရင်း ရောက်ရောက် တပ်တွင်း ပြုသမျှ ဘာသာရေး၊ လူမှုရေးပွဲများ၊ မင်္ဂလာပွဲများ၊ တပ်တွင်းရှိ လူမျိုးစုံ ဘာသာရေးကိစ္စများတွင် ဖခင်ကြီးက ဦးဆောင်ခဲ့ရသည်သာဖြစ်သည်။

ဖခင်ကြီးတပ်ရင်း (၄) မုတ္တမတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ပဲခူးရိုးမ စစ်ဆင်ရေးတာဝန်များသာမက မုတ္တမပင်လယ်ကွေ့ မြန်မာ့ပင်လယ်ပြင် လုံခြုံရေးတာဝန်ကိုပါ ထမ်းဆောင်ခဲ့ရကြောင်း ပြောပြခဲ့သည်။ သိမ်းဆည်းရမိသော မှော်ခိုစက်လှေကြီးတစ်စင်းကို ဖခင်ကြီးကိုယ်တိုင် စိတ်ကြိုက်ပြင်ဆင် ကိုယ်တိုင်မောင်း၊ ကိုယ်တိုင်ဦးဆောင်၍ ခြေလျင်စစ်သည်များ တင်ဆောင်ကာ ကင်းလှည့်တာဝန်ယူခဲ့ရသည်။ ရေတပ်အင်အားနည်းစဉ်က တာဝန်ပို၍ ယူခဲ့ရခြင်းဖြစ်သည်။ တပ်ရင်း(၄)တွင် တာဝန်ထမ်းဆောင်ရင်း ကျွန်တော့်အား မွေးဖွားခဲ့ခြင်းဖြစ်သည်။ မိမိအား မွေးဖွားခါနီးတွင် အဘိုး၊ အဘွားများရှိသော စစ်တောင်းမြို့တွင် သွားရောက်မွေးဖွားစေခဲ့သည်။ တပ်ရင်း(၄)အား သောင်းကျန်းသူများက နေ့၊ ည ပစ်ခတ်တိုက်ခိုက်နေသော ကာလဖြစ်သည်။ ရွာတွင်မွေး၍ တပ်တွင်လူဖြစ်ခဲ့ရသည့်နောက်ပိုင်းတွင် တပ်ရင်းလိုက် ရန်ကင်းတောင်ခြေသို့ ပြောင်းရွှေ့ခဲ့ရာ ကျွန်တော်တို့မိသားစု ပါဝင်ခဲ့သည်။ မုတ္တမတပ်တွင်နေစဉ်က မကြာခဏ တပ်အားလာရောက်ပစ်ခတ်တိုက်ခိုက်ခြင်းကို ကြုံခဲ့ရသည်။ မိမိတို့အိမ် မီးဖိုဆောင်အောက်တွင် ကျင်းတူး၍ သွပ်ပြားများ ဖုံးထားကာထားသည်။ သေနတ်သံကြားလျှင် ကျွန်တော်တို့မောင်နှမ ကျင်းထဲသို့ ဆင်းသွားကြသည်။ ဖခင်က တာဝန်ရှိရာသို့ သွားသည်။ ရုပ်ရှင်ပြ၍ကြည့်ရာ၌ပင် လာရောက်ပစ်ခတ်နှောင့်ယှက်လျှင် ကျွန်တော်တို့မောင်နှမများက အိမ်မှ ကျင်းထဲသို့ ရောက်အောင်ပြေးရသည်။ ဖခင်က လက်နက်နှင့်လူ အမြဲတွဲလျက် ရှိနေသူမို့ တပ်ကိုကာကွယ်ရန် ပြေးသည်။ ထိုမှ ရန်ကင်းတောင်ခြေ (4)ဂေါ်ရခါး(ခေါ်)ခလရ(၄)သို့ ရောက်ခဲ့သည်။ တပ်တွင် တပ်မှူး၊ တပ်ရေးဗက၊ ယာဉ်ပြင်နှင့် လက်နက်ပြင်တို့သာ မြန်မာပါသည်။ ကျန်သူများက ဂေါ်ရခါးလူမျိုးများဖြစ်သည်။ ကမ္ဘာတွင် သစ္စာအရှိဆုံးနှင့်အရဲရင့်ဆုံး စစ်သည်များဖြစ်သည့် ဂေါ်ရခါးစစ်သား မိသားစုများနှင့်နေခဲ့ရသည်။ ဖခင်ကြီးအား ဖခင်ပမာ ရိုသေလေးစားကြသော စစ်သည်မိသားစုများကို တွေ့ခဲ့ရသည်။ ဂေါ်ရခါး ဓလေ့ထုံးစံမှန်သမျှကို မလစ်လပ်စေရန် ဖခင်က ဦးဆောင်ဆောင်ရွက်ပေးသည်။ ကျွန်တော်တို့ မိသားစုကိုလည်း ဂေါ်ရခါးမိသားစုများက စောင့်ရှောက်ခဲ့ကြသည်။

ကျွန်တော်ငယ်စဉ် ရေချိုးသည်မှ ထမင်းစားသည်အဆုံး ဂေါ်ရခါးမိသားစုများက စောင့်ရှောက်ပေးခဲ့သည်။ ကျွန်တော့်အား ကျောင်းအပ်ရာတွင်ပင် မိခင်လိုက်စရာမလို။ ဂေါ်ရခါးမိသားစုများက ဆောင်ရွက်ပေးသည်။ ထိုစဉ်က ပုသိမ်ကြီးမြို့တွင် အစိုးရကျောင်းမရှိ။ ဘုန်းတော်ကြီးကျောင်းတွင်သာ နေရသည်။ ကျွန်တော့်အား ကျောင်းမအပ်ခင်ညက တပ်တွင် မင်းသားကြီးကျော်ဆွေ၏ ဓာတ်ကားပြခဲ့သည်။ ကျွန်တော့်အား ထိုဓာတ်ကားထဲမှ မင်းသားကြီး၏နာမည်ကို ပေး၍ အပ်ခဲ့သည်။ ဤသို့ဖြင့် ဖခင်ကြီး အမရပူရ ပလခ(၂)တပ်သို့ ပြောင်းရွှေ့မိန့်ကျလာသည်။ မိခင်က ကျောင်းသို့သွား၍ ကျောင်းနှုတ်ရာတွင် ကျွန်တော့်နာမည်ကို ရှာမတွေ့၊ ကျောင်းသားကိုယ်တိုင် ခေါ်သွားမှ မင်းသားကြီးကျော်ဆွေကားထဲမှ နာမည်ပေးထားမှန်း သိရသည်။ ကျွန်တော့်တစ်သက်လုံး ထိုနာမည်သာ တွင်ခဲ့သည်။ ဘုန်းကြီးကျောင်းတွင် နေခဲ့စဉ်က ကျွန်တော့်ထက် အတန်းကြီးတွင် နေခဲ့သူနှင့် မန္တလေးနေ့စဉ်သတင်းစာတိုက်တွင် ပြန်တွေ့ခဲ့ရသည်။ ထိုသူမှာ ဦးစိုးနိုင်ဆွေ(နိုင်စေရမန်းတက္ကသိုလ်)ဖြစ်သည်။ ရေစက်ဟုပြောရမည်ဖြစ်သည်။ မန္တလေး သတင်းစာတိုက်တွင် လုပ်ကိုင်ရင်း ပရဟိတလုပ်ငန်းအချို့တွင် ဝင်ရောက်ဆောင်ရွက်စဉ်က ကျွန်တော်နှင့် အမည်တူသူတစ်ဦးနှင့် ထမင်းစားစဉ်တွင် ဆုံခဲ့သည်။ စကားပြောရင်းဖြင့် သူသည်လည်း မင်းသားကြီးကျော်ဆွေ၏ ရုပ်ရှင်ကားကြောင့် ထိုနာမည်တွင်ခဲ့ကြောင်း သိရသည်။ တိုက်ဆိုင်ပေစွ။ ထူးဆန်းစွာ တိုက်ဆိုင်မှုကြောင့် အားလုံး အံ့သြခဲ့ရသည်။

မောင်င်အလယ်တန်းမှ ဈေးကြိုဆန်တန်း၊ ခြံကြီးစုသို့ ပြန်ရင်း ဖခင်အကြောင်းနှင့် ငယ်စဉ်က အကြောင်း၊ ကျွန်တော့်အကြောင်း၊ အတွေးမျှင်တို့က မပြတ်။ အိမ်သို့ရောက်သည်နှင့် ငါးပိရည် တို့စရာစုံ၊ ငါးဟင်းတို့ဖြင့်ထမင်းထပ်စားသည်။ ကျွန်တော့်အကြိုက်ဆုံး ဟင်းဖြစ်၍ မြိန်လှသည်။ မိခင်၊ ဖခင်တို့နှင့် အလွမ်းသယ်စကားပြောကြသည်။ ဖခင်ကြီး၏ ဆေးရုံပြမည့်ကိစ္စ ဆွေးနွေးသည်။ စီစဉ်စရာများ စီစဉ်ကြသည်။ ဖခင်မှာ သွေးတိုး၊ ဆီးရောဂါများရှိနေသော်လည်း ပေါ့ပါးသွက်လက်လှသည်။ အသက် ၆၅နှစ်တွင်ပင် ကွမ်းသီးပင် တစ်ပင်တက်ပြီးလျှင် အောက်ပြန်မဆင်းပါ။ တစ်ပင်နှင့်တစ်ပင် လွှဲကူး၍ နောက်ဆုံးအပင်မှပြန်ဆင်းနိုင်သည်ထိ ပေါ့ပါးသည်။ ကျွန်တော်က လှေကားမပါလျှင် ဘယ်အပင်မှ မတက်ရဲပဲ ညည့်နက်အောင် စကားပြောကြပြီး အိပ်ရာဝင်ခဲ့ကြသည်။ ဖခင်ကြီး၏ ပရိတ်ကြီး (၁၁)သုတ် ရွတ်သံကို နားထောင်ရင်း အိပ်ပျော်ခဲ့သည်။

နံနက်ပိုင်းတွင် မိခင်ဖခင်တို့ကို ခွင့်တောင်း၍ ရွှေနတ်တောင်မှ သူငယ်ချင်းထံသွားမည်။ ထိုမှ ကျောက်တလုံးဘက်သွားမည်။ ကျောက်တလုံးမှ အပြန်တွင် ဖားအောက်မှ ဘကြီးထံ ဝင်မည်ဖြစ်၍ ညအိမ်ပြန်မလာကြောင်း ပြောခဲ့သည်။ စက်ဘီးဖြင့် နံနက်စောစောထွက်ခဲ့သည်။ ရွှေနတ်တောင်စခန်းသို့ ဝင်၍ သူငယ်ချင်းနှင့်လက်ဖက်ရည်သောက် စကားပြောသည်။ နေ့လယ်စာ စားပြီးမှ ကျောက်တလုံးတပ်သစ်ဖက် ထွက်ခဲ့သည်။ တပ်အဝင် လမ်းတစ်လျှောက် ရှင်းလင်းနေ၍ ထူးခြားနေကြောင်း သတိပြုမိသည်။ တပ်ဂိတ်ဝင်လိုက်သည်နှင့် RP က မေးမြန်းပြီး ခင်ဗျားသူငယ်ချင်း ဟိုသစ်ပင်တစ်ဖက်က ကတုတ်ထဲမှာ သွားလိုက်ဟု ပြောသည်။ ကျွန်တော့်သူငယ်ချင်းထံအရောက် တာဝန်ရှိသူများက စစ်ဆေးနေချိန်နှင့်ကြုံသည်။ ကျွန်တော့်အားလည်း သိရှိနေသောအရာရှိက ညီလေးရေ အခြေအနေအရ မင်းအိမ်ပြန်နိုင် မရတော့ဘူး။ ဒီမှာပဲ ညအိပ်လိုက်တော့ဟု ပြောသည်။ ထိုညတွင် တပ်အားဝင်ရောက်တိုက်ခိုက်မည့်သတင်းရ၍ ပြင်ဆင်နေကြသဖြင့် လုံခြုံရေးအရ ကျွန်တော် ပြန်ထွက်၍မရတော့။ ညပိုင်းတွင် ကျွန်တော်လည်း မအိပ်တော့ သူငယ်ချင်းနှင့်အတူ ကင်းစောင့်ရင်း မိုးလင်းခဲ့ရသည်။ နံနက် ၄နာရီခန့်တွင် ကားလမ်းမကြီးမှ မီးမှိတ်၍ မောင်းလာသောကားတစ်စီးပေါ်မှ မောင်းပြန်လက်နက်ငယ်ဖြင့် တရစပ်ပစ်ခတ်၍ မောင်းပြေးသွားခဲ့သည်။ အသင့်ရှိနေသော ကတုတ်ထဲမှ ရဲဘော်များက ချက်ခြင်းတုံ့ပြန်ပစ်ခတ်သံများဖြင့် ညံသွားသည်။ ပြီးလျှင် တိတ်ဆိတ်စွာဖြင့် မိုးလင်းသည်အထိ စောင့်ကြသည်။ နှစ်ဖက်လုံး တိတ်ဆိတ်နေခဲ့ကြသည်။ နံနက်လင်းတွင် ရှင်းလင်းရေးလုပ်ရာ ဟိုင်းလတ်ကားတစ်စီးကို ကျည်ပေါက်ရာများဖြင့် လမ်းဘေးတောစပ်တွင် တွေ့ရသည်။ နံနက်ပိုင်းတွင် ဖားအောက်ရွာဘက်သို့ ခရီးဆက်ခဲ့သည်။ ထိုအဖြစ်အပျက်မှာ နှစ်များစွာကြာခဲ့ပြီဖြစ်သော်လည်း သတင်းစာတိုက်သို့ ရောက်ရှိတာဝန်ထမ်းဆောင်စဉ် ထိုတပ်တွင် နေခဲ့ဖူးသော သုတေသနဌာနစိတ်မှ မချိုနှင့်စကားပြောရာ ထိုစဉ်က ကလေးဘဝဖြင့် ထိုတပ်တွင်ရှိနေခဲ့ကြောင်း သိရသည်။ သတင်းစာတိုက်မှ ဝန်ထမ်းတော်တော်များများနှင့် ငယ်စဉ်အခါကပင် ဆုံစည်းခဲ့မှုမှာ ရေစက်ဟုပင် ဆိုရပေမည်။ ရွှေနတ်တောင်တွင် ဆုံခဲ့သော သူငယ်ချင်းမှာ မန္တလေးတွင် တာဝန်ကျစဉ်ကလည်း အလုပ်တချို့တွင် တွဲခဲ့ရသည့် သူငယ်ချင်းက မက္ကင်းနစ်ဖြစ်သည်။ ကျွန်တော်ကလည်း မက္ကင်းနစ်သင်တန်းဆင်းပြီး ကျောင်းသားဖြစ်သည်။ အစိုးရအင်ဂျင်နီယာလုပ်ငန်းခွင်များပင် အတွေ့အကြုံရှိခဲ့ပြီးဖြစ်သည်။ နန်းမြို့တွင်း၌ နမခ(ယခုလပခ)အလေးမအဖွဲ့ဘားတိုက်တွင် နေထိုင်၍ ကျောင်းတက်ခဲ့စဉ်က အဆင်ပြေခဲ့သော်လည်း နောက်ပိုင်းတွင် သူငယ်ချင်းရှိရာ ထ·ပ·ရ အကြပ်ကြီးရိပ်သာတွင် ပြောင်း၍နေခဲ့သည်။ ထိုမှ ကျောင်းတက်ခဲ့သည်။ သူငယ်ချင်းတို့ရုံးအဖွဲ့ နေ့၊ညအလုပ်များလျှင် ကိုယ်ပါ ဝင်ရောက်ကူညီပေးခဲ့သည်။ ထိုတပ်မှ မော်တော်ယာဉ်အချို့ ခရီးမထွက်ခင် စိတ်ကြိုက်စစ်ဆေးပြင်ဆင်ပေးရန် ကျွန်တော့်အား အကူအညီတောင်းသူတချို့ရှိသဖြင့် ရွှေနတ်တောင်မှ သူငယ်ချင်းမက္ကင်းနစ်အဖွဲ့ဖြင့် ချိတ်ဆက်၍ ကျွန်တော်ကိုယ်တိုင် ပါဝင်ပြင်ဆင်ခဲ့ကြသည်။ ထိုအလုပ်ကလေးများကလည်း ကျွန်တော်၏ ကျောင်းစရိတ်၊ အသုံးစရိတ်အချို့ကို ကာမိစေခဲ့သည်။ မော်တော်ယာဉ်များကို အင်စပက်ရှင်း(စစ်ဆေးရေး)ဝင်ရာ၌လည်း ယခုကျွန်တော်နေထိုင်သည့် နန်းဦးလွင်အိမ်ရှေ့အိမ်မှ ဦးထွန်းကို (ကွယ်လွန်)က အင်စပက်ရှင်းလီဒါတာဝန်ဖြင့် စစ်ဆေးစဉ် စစ်ဆေးရေးအကူဝန်ထမ်းအဖြစ်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ထိုစဉ်ကတည်းက နောင်တစ်ချိန် မန္တလေးနေ့စဉ်သတင်းစာတိုက်တွင် ဌာနမှူးဖြစ်လာမည့် ဗိုလ်မှူးလတ်မြင့်သိန်းကို သိခဲ့ရသည်။ ကံကြမ္မာ၏ ဆုံမှတ်ပေးမှုများကို တအံ့တသြ ဖြစ်မိသည်။

(ဆက်လက်ဖော်ပြပါမည်။)

နိုင်ဗလ

---

စာမျက်နှာ(၁၀)မှအဆက်

အဆိုပါအဖွဲ့အစည်းအပေါ် ပြည်သူတို့ ယုံကြည်အားထားမှုစံနှုန်းမြင့်မားလာရန်မှာ အဆိုပါအဖွဲ့အစည်းတွင် ပါဝင်သူတစ်ဦးတစ်ယောက်စီ၏ စိတ်နေသဘောထားအမြင်များနှင့် လုံးဝဆက်စပ်လျက်ရှိပေသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်အား ပြည်သူကို ထိရောက်သော ဝန်ဆောင်မှုပေးနိုင်ရေးအတွက် အောက်ပါအတိုင်း ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။

(၁) ဓာတ်အားခွဲရုံများတွင် Neutral Grounding Resistor(NGR) များအား တပ်ဆင်အသုံးပြုခြင်း၊

(၂) Capacitor Bank များ တပ်ဆင်အသုံးပြုခြင်း၊

(၃) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လိုင်းတည်ဆောက်ရာတွင် အမြင့်ဆုံးအသုံးပြုလာနိုင်မည့် ဝန်အားကို မျှော်မှန်း၍သုံးစွဲမည့် ကြိုး ACSR (သို့မဟုတ်) SACကို ရွေးချယ်အသုံးပြုခြင်း၊

(၄) Multi Transformer စနစ်ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြစ်သည့် (၂၀၀)ကေဗွီအေ ထရန်စဖော်မာများအား အရေအတွက် တိုးမြှင့်အစားထိုးတပ်ဆင်ခြင်း၊

(၅) Energy – Saving Devices များ အစားထိုး အသုံးပြုခြင်း၊

(၆) Geographic Information System (GIS) စနစ် နှင့် Advanced Metering Infrastructure (AMI) pepf သုံးစွဲဆောင်ရွက်ခြင်း၊

(၇) ဓာတ်အားခငွေနှင့်ဝန်ဆောင်မှုဆိုင်ရာ ငွေစာရင်းလုပ်ငန်းများ လွယ်ကူလျင်မြန်စေသည့် Myanmar Electric Bill (MEBill) Software စနစ်အသုံးပြုခြင်း၊

(၈) Online Payment ဖြင့် ဓာတ်အားခကောက်ခံ ဆောင်ရွက်ခြင်း။

နိဂုံးချုပ်ဖော်ပြလိုသည်မှာမြန်မာနိုင်ငံရှိ လျှပ်စစ်ဓာတ်အားစနစ်အား ပြည်သူကို ဝန်ဆောင်မှုပေးရာတွင် ဌာနနှင့်ပြည်သူအမြဲကြည်ဖြူပြီး ထိရောက်သောဝန်ဆောင်မှုများဖြင့် ပြည်သူ၏ယုံကြည်ကိုးစားမှုကို ရရှိနိုင်စေရန်အလို့ငှာ ပြည်သူကိုသာ မျက်နှာမူ၍ ဆောင်ရွက်ပေးနိုင်စေရန် ကြိုးပမ်းလျက်ရှိသကဲ့သို့ ပြည်သူများမှလည်း ထိရောက်သောဝန်ဆောင်မှုများ ရရှိခံစားနိုင်ရေးအတွက် ဌာနနှင့်ပူးပေါင်းဆောင်ရွက်သွားနိုင်မှသာလျှင် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်လိမ့်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ် အမှတ် (၃၃) အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ အောက်တိုဘာ ၂၈ရက် နံနက် ၁၀နာရီက ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၃၃)အခြေခံပညာအလယ်တန်းကျောင်းခွဲမှ ဆရာမတစ်ဦးက ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို လာရောက်ဟောပြောပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားခဲ့ပြီး မဟာအောင်မြေမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးမြင့်သိန်းစိုးက အနာဂတ်လူငယ်မျိုးဆက်သစ်များကို အခြေခံပညာအရွယ်ကစ၍ စာဖတ်သည့် အလေ့အထနှင့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်၊ အခြေခံပညာမှ အဆင့်မြင့်ပညာအထိ အတန်းစဉ်အလိုက် ဘက်စုံထူးချွန်ထက်မြက်ပြီး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန်၊ ထိုမှတစ်ဆင့် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် ကောင်းကျိုးများ စွမ်းဆောင်နိုင်သည့် နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာလူရည်ချွန်များ ထွက်ပေါ်လာစေရန်၊ ရဲရင့်မှန်ကန်စွာ ပြောတတ်၊ ဆိုတတ်စေရန်၊ အမှား၊ အမှန်ဝေဖန်နိုင်စေရန် ပညာကို ဂရုစိုက်သင်ကြားလေ့လာနိုင်စေရန်၊ ပညာရဲရင့်ပွဲလယ်တင့် ဆိုသည့်အတိုင်း ပညာတတ်မြောက်မှသာလျှင် အရာရာဆင်ခြင်တုံတရားရှိနိုင်မည်ဖြစ်ကြောင်းစသည့် ရည်ရွယ်ချက်များဖြင့် အခြေခံပညာကျောင်းများ၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲများကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်က လူငယ်နှင့်စာပေအကြောင်း ပြောကြားရာတွင် လူငယ်တွေအနေဖြင့် စာပေကို အမြဲမပြတ်လေ့လာဆည်းပူးသင်ယူသင့်ကြောင်း စသည့်စာပေ၏ အကျိုးကျေးဇူးများကို ဟောပြောပေးခဲ့သည်။

ဆက်လက်ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်ပြဘုတ်များနှင့် သုတရသစာအုပ်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။



(ဝဲပုံ)
(ဝ၅၆)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ
ဝ-ဝ-ဝ-ဝ-ဝ-ဝ



# အခြေခံပညာကျောင်းပေါင်းစုံ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ကံမ အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၌၂၀၂၄-၂၀၂၅ ပညာသင်နှစ်အခြေခံပညာကျောင်းပေါင်းစုံမြို့နယ်အဆင့်အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(ကံမ)၌ ကျင်းပရာ မြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုကြသည်။

အဆိုပါ စွမ်းရည်ပြိုင်ပွဲဖြေဆိုရာ၌ ကျောင်းသား၊ ကျောင်းသူများသည် စာဖြေခန်းများအတွင်း ရေးဖြေ ဖြေဆိုကြပြီးနောက် ဘာသာရပ်အလိုက် နှုတ်မှုစွမ်းရည်များအား ဆက်လက်ဖြေဆိုယှဉ်ပြိုင်ကြရသည်။ ထိုသို့ဖြေဆိုကြရာတွင် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၌ ကျောင်းသား၊ ကျောင်းသူ ၇၀ ဦးနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ၌ ကျောင်းသား၊ ကျောင်းသူ ၉၅ ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၆၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**အာကာ(ပြန်/ဆက်)**

# ကြက်ခြံဖမ်းဈေးတက်လာသလို ကြက်သားဈေးလည်း မြင့်တက်လာ

**မန္တလေး အောက်တိုဘာ ၂၉**

ပြည်တွင်းမွေးမြူရေးကဏ္ဍမှာ ကြက်ခြံဖမ်းဈေးမြင့်တက်လာမှုနှင့်အတူ အသားဈေးကွက်တွင် ကြက်သားဈေးလည်း မြင့်တက်နေကြောင်း ကြက်မွေးမြူရေးလုပ်ကိုင်သူများထံက သိရသည်။

သီတင်းကျွတ်ပွဲတော်မတိုင်မီကတည်းက ဆက်တိုက်မြင့်တက်လာနေသည့် ကြက်ခြံဖမ်းဈေးက လက်ရှိမန္တလေးမှာ ခြံဖမ်းဈေးတစ်ပိဿာကို ငွေကျပ် ၁၂၇၀၀ ရှိပြီး ကျွန်းမြို့နယ်အများစုမှာ ငွေကျပ် ၁၄၀၀၀ ကျော်နှင့် မြစ်ကြီးနားမှာ ခြံဖမ်းဈေးက တစ်ပိဿာကို ငွေကျပ် ၂၇၀၀၀ အထိ ရှိနေသည်။

ကြက်ခြံဖမ်းဈေးနှင့်အတူ ကြက်သားဈေးကလည်း တစ်ပိဿာကိုငွေကျပ် ၃၀၀၀၀ ဝန်းကျင်နှင့် ဗမာကြက်သားကလည်း ငွေကျပ် ၃၀၀၀၀ အထက်ထိ မြင့်တက်လာခြင်းဖြစ်သည်။

"ကြက်ခြံဖမ်းဈေးက တက်လာတယ်။ မွေးမြူရေးခြံတွေ ရှားပြီး ရောင်းအားနည်းပြီး ဝယ်လိုအားများတော့ ဈေးကတက်လာတာပါ။ ခြံဖမ်းဈေးတက်တော့ အသားဈေးကလည်း လိုက်တက်တာပေါ့။ ကြက်သားက တစ်နိုင်ငံလုံးစားသုံးတော့ ဝယ်လိုအားကများတယ်။ ကြက်မွေးရတာ မကိုက်လို့ဆိုပြီး ခြံလိုက်ဖြုတ်တဲ့သူများတယ်။ အဲဒီတော့ အခုလို ထိုးတက်သွားတာပါ" ဟု ကြက်မွေးမြူရေးလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ကုမ္ပဏီထုတ် ကြက်မွေးမြူရေးအစာတွေ ဈေးတက်လာသလို ကြက်ပေါက်ဈေးတွေ မြင့်တက်လာခြင်းက မွေးမြူရေးလုပ်ကိုင်သူတွေမှာ အကျိုးအမြတ်ရရှိမှုနည်းပြီး အရှုံးရှိခဲ့သည့်အတွက် ကြက်မွေးမြူရေးလုပ်ငန်းကို စွန့်ခွာသူများလာသည်။

သို့ဖြစ်၍ ကြက်မွေးမြူရေးလုပ်ကိုင်သူ သိသိသာသာ လျော့ကျသွားသောကြောင့် အသားဈေးကွက် မှာ ကြက်သားလိုအပ်ချက်များလာပြီး ခြံဖမ်းဈေးနှင့် ကြက်သားဈေးက မြင့်တက်လာခြင်းဖြစ်သည်။

ဇန်နဝါရီလလောက်တုန်းက ကြက်သားတစ်ပိဿာကို ငွေကျပ် ၁၃၀၀၀ နှင့် ဗမာကြက်သားက တစ်ပိဿာကို ငွေကျပ် ၂၀၀၀၀ သာ ပေါက်ဈေးရှိခဲ့ရာ ၉ လ အတွင်း ကြက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ခန့် ဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**
**(မန္တလေးနေ့စဉ်-၆)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ



# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီစားသုံးမှု ဖူလုံစေရန် ပန်းနှမ်း (၁၁၅) ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ဆီစားသုံးမှုဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ပန်းနှမ်း ၁၁၅ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်းသီးနှံ ၁၁၅ဧက စိုက်ပျိုးရန် လျာထားရှိပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧက ပြည့်မီစေရေးအတွက် နိုဝင်ဘာလ ပထမပတ်တွင် စိုက်ပျိုးနိုင်ရန် လယ်ယာမြေထွန်ယက်ပြုပြင်ခြင်း၊ သီးနှံအထွက်နှုန်း ကောင်းမွန်စေရေးဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များရရှိရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"ဒီနှစ်ဆောင်းရာသီမှာ ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံစေဖို့ ဆီထွက်သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်စေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေဖို့ ရည်ရွယ်ပြီး ပန်းနှမ်းသီးနှံ ၁၁၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ပန်းနှမ်းသီးနှံက ဒီဒေသမှာ အောင်မြင်ဖြစ်ထွန်းမှုရှိတဲ့အတွက် နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ တောင်သူတွေက အားထားစိုက်ပျိုးကြပါတယ်။ ပန်းနှမ်းစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တောင်သူတွေကို အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်အောင် စိုက်နည်းစနစ်နဲ့ ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေရရှိအောင် ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ စိုက်ပျိုးရေဖူလုံမှုနှင့် စိုက်ပျိုးမြေကောင်းမွန်မှုကြောင့် ဒေသခံတောင်သူများက နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးဆီ ဖူလုံပိုလျှံစေရန်အတွက် ပန်းနှမ်းသီးနှံအား အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ယခင်နှစ်က ဆီထွက်သီးနှံပန်းနှမ်းစိုက်ပျိုးခြင်းကို ၁၂၁ ဧက လျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကာ ယခုနှစ်တွင်လည်း ပန်းနှမ်း ၁၁၅ ဧက စိုက်ပျိုးရန် လျာထားရှိရာ သတ်မှတ်စိုက်ဧကပြည့်မီရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



(ဝဲပုံ)
(၄၄၅)

သစ်တောသစ်ပင်
ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက်
ရှေ့တိုက်ကိုစိုး။

# အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲ ကျင်းပ



**ပခုက္ကူ အောက်တိုဘာ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပခုက္ကူမြို့၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီက အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၉)သင်တန်း ဖွင့်ပွဲ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပခုက္ကူ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ပခုက္ကူမြို့၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ခင်မိုးမြင့်က သင်တန်းကျောင်းသမိုင်းအကျဉ်း၊ သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ၊ သင်တန်းအမျိုးအစားများ၊ သင်တန်းကာလအတွင်း အသိပညာပေးဟောပြောပွဲဆောင်ရွက်ပေးမည့်အခြေအနေများ၊ ဖွင့်လှစ်ပြီးစီးသည့်သင်တန်းများအကြောင်းတို့ကို Power Point ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး သင်တန်းကာလအတွင်း အသုံးပြုမည့်ပစ္စည်းများ၊ သင်ကြားပို့ချပေးမည့် လူသုံးကုန်ပစ္စည်းများနှင့် အဝတ်အထည်ဒီဇိုင်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသူ ၃၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလ (၆)လကြာ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်ပညာရပ်များကို အခြေခံမှစတင်ကာ ကိုယ်တိုင်ဒီဇိုင်းရေးဆွဲချုပ်တတ်သည်အထိ စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၃၄၀)

# ရေဘေးအန္တရာယ်ကြောင့် နေအိမ်ပျက်စီးမှုနှင့် သေဆုံးသူများအား ထောက်ပံ့ပေးအပ်

**ပျော်ဘွယ် အောက်တိုဘာ ၂၉**

ပျော်ဘွယ်မြို့နယ်တွင် ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေဘေးအန္တရာယ်ခံစားခဲ့ရသည့် နေအိမ်ပျက်စီးသူများ၊လူသေဆုံးမှုများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့သည့် အလှူငွေများအား ထပ်ဆင့်ပေးအပ်ပွဲကို အောက်တိုဘာ ၂၈ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်က မြို့နယ်အတွင်း ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုအခြေအနေများ၊ ကူညီထောက်ပံ့ရေးအတွက် ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ရေဘေးအန္တရာယ်ခံစားခဲ့ရသူများအနေဖြင့်လည်း စိတ်အားငယ်မှုမရှိစေရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့သည့် အလှူငွေများကို ထပ်ဆင့်ပေးအပ်ခဲ့သည်။

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ပျော်ဘွယ်မြို့နယ်အတွင်း ရေဘေးအန္တရာယ်ကြောင့် နေအိမ်ပျက်စီးခဲ့သည့် ၂၉ အိမ်အတွက် တစ်အိမ်လျှင် ငွေကျပ် နှစ်ဆယ့်သုံးသိန်းငါးသောင်း၊ ရေနစ်မြုပ်မှုကြောင့် လူသေဆုံးခဲ့သည့် ပြည်သူ ၁၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသိန်းကို ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။



(ယာပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)



# ရေငယ်အထက်တန်းကျောင်းတွင် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၂၉**

လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်မြို့နယ်၊ ရေငယ်အထက်တန်းကျောင်းတွင် ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်း ခရိုင်အဆင့် ဒုတိယဥက္ကဋ္ဌ ဒေါ်အေဇင်မေက ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်းအား မိတ်ဆက်ပြောကြားခဲ့သည်။ ထို့နောက် စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါ ဟောပြောချက်များနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအား မေးမြန်းခဲ့ရာ ပြန်လည်ဖြေကြားခဲ့ကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် စာရေးဆရာမ ခိုင်ပန်းဝေ(လက်ပန်လှ)က အ·ထ·က(ရေငယ်) ကျောင်း စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းပေးခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ပြင်ဦးလွင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး ပုံပြင်များပြောကြားပေးခဲ့ပြီး သုတ၊ရသ စာအုပ်စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများမှ စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြသည်။အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၃၀၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သွေးသွေး(ခရိုင်-ပြန်/ဆက်)**

# ပွင့်လင်းရာသီ ခရီးသွားဧည့်သည်များ ဝင်ရောက်လာပါက ဒေသထွက်ကုန်ပစ္စည်းများ ရောင်းအားကောင်းလာနိုင်

**မင်းဘူး အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၌ ပွင့်လင်းရာသီ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များ ဝင်ရောက်လာပါက မိမိတို့၏ ဒေသထွက်ကုန်ပစ္စည်းများ ရောင်းအားကောင်းလာနိုင်ကြောင်း နဂါးပွက်တောင်ဈေးဆိုင်တန်းမှ ဒေသထွက်ကုန်ပစ္စည်းမျိုးစုံရောင်းချသော မနီလာက ပြောသည်။

"ကျွန်တော်တို့ မင်းဘူးမြို့က သမိုင်းဝင်တန်ခိုးကြီးဘုရားများနဲ့ အထင်ကရနေရာများစွာ ရှိနေတာကြောင့် ဘုရားပွဲရာသီ၊ တစ်ရာသီမှာ ခရီးသွားဧည့်သည် ၅ သိန်းကျော် ၆ သိန်းခန့် လာရောက် လည်ပတ်ကြတယ်။ ယခုနှစ်မှာလည်း တန်ခိုးကြီးဘုရားများနဲ့ အထင်ကရနေရာတော်တော်များများမှာ အဆင့်မြင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မင်းဘူးမြို့နယ်မှာ ခရီးသွားပြည်သူများနဲ့ စည်းကားဦးတော့မှာ အမှန်ဘဲဗျာ"ဟု ရွှေစက်တော် ဂေါပကအဖွဲ့ဝင် ဦးအုံးလှိုင်က ပြောသည်။



မင်းဘူးမြို့နယ်အတွင်းမှ ဒေသထွက်ပစ္စည်းများမှာ ငဖဲနယ်ဘက်မှ ချင်းရိုးရာပစ္စည်းများဖြစ်သော ပလိုင်း၊ တောင်း၊ ခမောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ရွှေစက်တော်နယ်တစ်ဝိုက်မှ သစ်ဥ၊ သစ်ဖု၊ ပျားရည်၊ ဝက်မြေဥနှင့် ဆေးမြစ်များ၊ မင်းဘူးမြို့နှင့် အနီးအနားဝန်းကျင်မှ မရွေးပွ၊ ပါပလာ၊ ပဲရှကြော်၊ ပဲပွကြော်၊ ပေါက်ပေါက်ကြော်၊ ပြောင်းဖူးစေ့ အပွအရွကြော်များ အပြင် သနပ်ခါးတုံးများကို ဒေသထွက် အိမ်အပြန်လက်ဆောင်ပစ္စည်းများအဖြစ် ရောင်းချလျက်ရှိရာ ယခုနှစ်ပွင့်လင်းရာသီမှာလည်း ရောင်းအားကောင်းလာနိုင်ကြောင်း ဈေးသည်များက မျှော်လင့်နေကြကြောင်း သိရသည်။

(ဝဲပုံ) (၅၀၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

- ❖ စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ...
- ❖ စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ...
- ❖ စာတတ်ပြီး စာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ...
- ❖ လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန် မိမိတို့အားပေးကြရမည်ဖြစ်...
- ❖ စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## (၉)ကြိမ်မြောက် အာယုဗေဒနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ




**မန္တလေး အောက်တိုဘာ ၂၉**

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)နှင့် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတို့ ပူးပေါင်းကျင်းပသည့် (၉)ကြိမ်မြောက် အာယုဗေဒနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr.Shri Abhay Thakur ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းရင်းဆေးနယ်ပယ်အသီးသီးမှ တာဝန်ရှိသူများ၊ ဆေးနှင့်ဆေးဘက်နီးနွယ်တက္ကသိုလ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် အာယုဗေဒဆေးပညာရပ်သည် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀၀၀ ခန့်မှစတင်၍ ကျင့်သုံးခဲ့သော ရိုးရာတိုင်းရင်းဆေးဆိုင်ရာ ပညာရပ်တစ်ခုဖြစ်ကာ စိတ်နှလုံးနှင့် ခန္ဓာကိုယ်ကျန်းမာရေး သမမျှတအောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ရှေးယခင်ကတည်းက ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု၊ သုတေသနလုပ်ငန်းများဆောင်ရွက်မှုနှင့် ကျန်းမာရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ်အာယုဗေဒနေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် "Ayurvedic Innovation for Global Health" သည် အာယုဗေဒပညာရပ်၏ ကျန်းမာရေးကဏ္ဍတွင် အရေးပါမှုအား မီးမောင်းထိုးပြလျက်ရှိပြီး အာယုဗေဒပညာရပ်၏ အခြေခံနိယာမများဖြစ်သည့် အစားအသောက်ဂရုစိုက်ခြင်း၊ ရေဓာတ်လုံလောက်စွာ ရရှိရန်ဂရုပြုခြင်း၊ ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်အောင် နေထိုင်ခြင်းအစရှိသည့် မိမိကျန်းမာရေးအား အလုံးစုံခြုံငုံအလေးထားခြင်းကို တစ်ကမ္ဘာလုံး သတိပြုမိစေရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက အိန္ဒိယနိုင်ငံအနေဖြင့် အာယုဗေဒဆေးဝါးပညာရပ်နှင့်ပတ်သက်၍ Shangi Cooperation Organization နှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံများနှင့်လည်း အသိပညာများ မျှဝေ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား အာယုဗေဒပညာရပ်သင်ကြားရေးနှင့် သုတေသနနယ်ပယ်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)မှ ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)ဦးဌေးလွင်က Myanmar and Ayurvedic Medicine နှင့်ပတ်သက်၍ လည်းကောင်း၊ ရန်ကုန်မြို့ Swami Vivekonon da Cultural Center မှ Director Mr. Ashish Kumar က Evolution of Ayurveda and Importance of Ayurveda in day-to-day life နှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀-၀

## ရဲရင့်အောင်၏ ဂိုးဖြင့် သစ္စာအားမာန်အသင်းထံမှ အမှတ်ပြည့်ရခဲ့သည့် ရတနာပုံ



**မန္တလေး အောက်တိုဘာ ၂၉**

MNL (U-20) Youth League 2024 အမှတ်ပေးဘောလုံးပြိုင်ပွဲ(Week-21)ပွဲစဉ်တစ်ပွဲအဖြစ် ယနေ့ညနေက ပဒုမ္မာကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရတနာပုံ အသင်းတို့ ကစားခဲ့ကြပြီး ရတနာပုံအသင်းက တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယနေ့ပွဲတွင် နှစ်သင်းစလုံးသည် ခြေရည်တူကာ ၇၈ မိနစ်အထိ အနိုင်၊ အရှုံး မပေါ်ခဲ့ဘဲ ပွဲချိန် ၇၉ မိနစ်တွင် ရတနာပုံအသင်းက ဦးဆောင်ဂိုးစတင်ရသွားခဲ့သည်။ ယင်းဂိုးကို အလွတ်တည်ကန်ဘောမှ တစ်ဆင့် ရဲရင့်အောင်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

လက်ကျန်မိနစ်များတွင် သစ္စာအားမာန်အသင်းမှ ချေပဂိုးပြန်လည်မရသည့်အတွက် ရတနာပုံအသင်းက တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရသွားခဲ့သည်။ (NGB)